www.burmeseclassic.com

BURMESE CLASSIC .com

အလယ်တန်း

# ကဗျာ

လက်ရွေးစင်

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပညာရေးဌာန၊ ကျောင်းသုံးစာ

www.burmeseclassic.com

www.burmeseclassic.com

# အမှာစကား

ကျွန်ုပ်တို့၏ စာဆိုတို့သည် အခြေအနေအရ ကဗျာအမျိုးမျိုးကို ဖွဲ့ဆိုခဲ့ကြသည်။ ဇာတ်တော်များကို အခြေပြု၍ ပျို့လင်္ကာများကို ဖွဲ့ဆိုခဲ့ကြသည်။ စစ်ရေးမက်ရေး နိုင်ငံရေးကို အခြေပြု၍ ဧချင်း မော်ကွန်းတို့ကို ဖွဲ့ဆိုခဲ့ကြသည်။ တောတောင် ရေမြေ ရာသီဥတုကို အခြေပြု၍ ရတုကဗျာများကို ဖွဲ့ဆိုခဲ့ကြသည်။ ထိုနည်းတူစွာ မျက်မှောက်ခေတ် စာဆိုတို့သည်လည်း ကဗျာအမျိုးမျိုးကို ဖွဲ့ဆိုလျက် ရှိကြသည်။ ယင်းကဗျာတို့မှ သင့်နိုးရာရာတို့ကို ရှာဖွေ ရွေးချယ်၍ ဤကဗျာ စာအုပ်ကို ပြုစုထားသည်။ ရှေးရေးကဗျာအချို့နှင့် ရခိုင်တေး၊ ထားဝယ်တေးတို့ကိုလည်း ထည့်ထားသည်။

စာဆိုတို့သည် မျက်စိရှင်ကြသည်။ နားပါးကြသည်။ အတွေး ကြွယ်ကြသည်။ အပြောတတ်ကြသည်။ သာမန်လူတို့ မြင်သည်ထက်၊ သာမန်လူတို့ ကြားသည်ထက်၊ သာမန်လူတို့ တွေးသည်ထက်၊ သာမန်လူတို့ ပြောသည်ထက် မြင်တတ်၊ ကြားတတ်၊ တွေးတတ်၊ ပြောတတ်ကြသည်။ သူတို့ ဖွဲ့ဆိုသော ကဗျာတို့ကို ဖတ်ရှု လေ့လာခြင်းဖြင့် အခြား သူတို့သည်လည်း သူတို့ကဲ့သို့ပင် မြင်တတ်၊ ကြားတတ်၊ တွေးတတ်၊ ပြောတတ်လာနိုင်သော အစွမ်းကို ရရှိနိုင်သည်။ ဤသို့ ရရှိအောင်လည်း ဆရာတို့က တပည့်တို့အား သင်ကြား ပို့ချ ပေးနိုင်ရန် အားထုတ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အလင်္ကာနည်း

ကဗျာတို့တွင် အရသာများ ပါရှိသည်။ ဤအရသာတို့ကို ရှေးဆရာတို့သည် ကိုးမျိုးကိုးစား ခွဲပြလေ့ ရှိသည်။ ယင်းတို့မှာ (၁) ချစ်ခင်မှု ဆိုသော သိင်္ဂါရ ရသ (၂) ရယ်ရွှင်မှု ဆိုသော ဟဿရသ (၃) ကြင်နာမှု ဆိုသော ကရုဏာရသ (၄) ရက်စက်မှု ဆိုသော ရုဒ္ဒရသ (၅) စွန့်စားမှု ဆိုသော ဝီရ ရသ (၆) ကြောက်ရွံ့မှု ဆိုသော ဘယာနက ရသ (၇) မုန်းတီးမှု ဆိုသော ဝီဘစ္ဆရသ (၈) အံ့သြမှုဆိုသော အဗ္ဘုတ ရသ (၉) တင်းတိမ်ရောင့်ရဲမှု ဆိုသော သန္တရသတို့ ဖြစ်ကြသည်။ ကဗျာတပုဒ်တပုဒ်တွင် ဤအရသာမျိုး တမျိုးသော်၎င်း၊ အများသော်၎င်း ပါဝင်နေသည်ကို တွေ့ရမည်။ ကဗျာလေ့လာသူတို့သည် ဤအချက်ကို သတိပြု ဖော်ထုတ်တတ်ကြရသည်။

ထပ်မံ စာဆိုတို့သည် မိမိတို့ တင်ပြလိုချက် ထင်ရှားပေါ်လွင် ထိခိုက်အောင် ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ စသည်တို့ကို သုံး၍ ဖွဲ့ဆိုတတ်ကြသည်။ ရေလိုအေး၍ ပန်းလိုမွှေးပါစေ ဟူသော ဆုတောင်းမေတ္တာပို့သပုံသည် ဥပမာ ခိုင်းနှိုင်းထားသည် ဖြစ်၍ ဥပမာအလင်္ကာ ပါသော အဆိုအမိန့်ဟု သိရသည်။ ထို့ပြင် ဘဝဇာတ်ခုံ ဆိုသော စကားကို လူတို့ သုံးနေကြသည်။ လူ့ဘဝသည် ရသမျိုးစုံ ကခုန်နေရသော ဇာတ်ခုံနှင့် တူသည်။ ထို့ကြောင့် ဘဝနှင့် ဇာတ်ခုံကို အတူပြုကာ ဘဝဇာတ်ခုံဟု ခေါ်လိုက်ကြသည်။ ဤအခေါ်မျိုးကို ရူပကအလင်္ကာ ပါသော အခေါ်အဝေါ်ဟု သိရသည်။ (ဥပမာအလင်္ကာတွင် "ကဲ့သို့" ဆိုသောပုဒ်၊ သို့မဟုတ် အနက်တူပုဒ်တခုခု ပါရသည်။ ရူပကအလင်္ကာ တွင်ကား မပါ။ ဤသည်လျှင် ထူးခြားချက် ဖြစ်သည်။) ဤအလင်္ကာ နှစ်မျိုးအပြင် သမာဓိဂုဏ် မြောက်အောင်လည်း ဖွဲ့ဆိုတတ်ကြသည်။ သမာဓိဂုဏ်ဆိုသည်မှာ (၁) အသက်ရှိသော သတ္တဝါတို့၏သဘောကို အသက်မဲ့သော ဝတ္ထု၌ တင်စားခြင်း (၂) အဆင်းသဏ္ဌာန် ရှိသော ဝတ္ထု၏ သဘောကို အဆင်းသဏ္ဌာန်မဲ့သော ဝတ္ထု၌ တင်စားခြင်း (၃) အရသာရှိသော ဝတ္ထု၏ သဘောကို အရသာမဲ့သော ဝတ္ထု၌ တင်စားခြင်း (၄) အရည်ဖြစ်သောဝတ္ထု၏ သဘောကို အရည်မဟုတ်သော ဝတ္ထု၌ တင်စားခြင်း (၅) လုပ်တတ်သောသူ၏ သဘောကို လုပ်တတ်သောသူမဟုတ်သော ဝတ္ထု၌ တင်စားခြင်း (၆) အစိုင်အခဲ ဖြစ်သော ဝတ္ထု၏ သဘောကို အစိုင်အခဲမဟုတ်သော ဝတ္ထု၌ တင်စားခြင်းတို့ ဖြစ်သည်။ (အကျယ်ကို အလင်္ကာနိသျှတို့၌ ကြည့်)။ ကဗျာလေ့လာသူတို့သည် ဤအလင်္ကာနှင့် ဂုဏ်တို့ကိုလည်း သတိပြုဖော်ထုတ်တတ်ကြရသည်။

## လေ့လာနည်း

၁။ တကြိမ်၊ နှစ်ကြိမ် ဖတ်ရုံမျှနှင့် ကဗျာ၏ ဆိုလိုချက်ကို အပြည့်အစုံ မသိမြင်နိုင်။ ထို့ကြောင့် ကဗျာကို အကြိမ်ကြိမ်ဖတ်ပါ။ ဖတ်သည်နှင့်အမျှ ဆိုလိုချက်တို့ ထင်ရှား ပေါ်လွင်လာလိမ့်မည်။

၂။ စာဆိုတို့သည် စကားလုံးတို့ကို တိတိကျကျ ကျစ်ကျစ် လစ်လစ် သုံးတတ်သည်။ သို့သော်လည်း ထိုစကားလုံးတို့သည် ဟောရိုး ဟောစဉ် အနက်ထက် ပိုလွန်၍ ဟောတတ်သည်။ ထို့ကြောင့် အဘိဓာန်ကိုဖြစ်စေ ခက်ဆစ်အဖြေကို ဖြစ်စေ တတ်အားသမျှ လေ့လာပါ။

www.burmeseclassic.com

၃။ အခွင့်သာလျှင် ကဗျာကို အသံထွက်၍ ဖတ်ပါ။ အခွင့်မသာလျှင် မိမိစိတ်က ကြားရလောက်အောင် နှုတ်ခမ်းလှုပ်၍ ဖတ်ပါ။ ကဗျာတွင် စီကုံးထားသော စကားလုံးတို့၏ အသံသည် ကဗျာ၏ အဓိပ္ပါယ်ကို ပိုမိုပေါ်လွင်စေနိုင်သည်။ တတ်နိုင်လျှင် အသံနေ အသံထားနှင့် ဌာန်ကရိုဏ်းကျအောင် ဖတ်ပါ။ သည့်ထက် တတ်နိုင်လျှင် ဂီတသံပေါက်အောင် ဆိုပြီး ဖတ်ပါ။ ကဗျာ့အရသာကို ပို၍တွေ့ရလိမ့်မည်။

၄။ ကဗျာတို့တွင် ကာရန် အခံ အအုပ် အချိတ် အဆက်တို့ ရှိသည်။ ပါဒ အဖြတ် အတောက် အရပ် အနားတို့ ရှိသည်။ ယင်းတို့ကိုရှာဖွေလေ့လာ၍ ယင်းတို့ ပေါ်လွင်အောင် ကဗျာကို ဖတ်ရှုပါ။ ကာရန်ကို နားလည်၍—အဖြတ်အတောက် အရပ် အနားကို သဘောပေါက်လျှင် ကဗျာ၏ အဓိပ္ပါယ်ကို ထူးချွန် သိမြင်နိုင်သည်။

၅။ ကဗျာတွင် ကာယကံရှင် တယောက်သော်ရင်း၊ အများသော်ရင်း ပါရှိသည်။ စာဆိုသည် ကာယကံရှင်ကို ပြထားသည်လည်း ရှိသည်။ ဖျောက်ထားသည်လည်း ရှိသည်။ ဖျောက်ထားလျှင် ဆိုင်ရာကြိယာတို့ကိုကြည့်၍ ကာယကံရှင်ကို ဖော်ထုတ်ပါ။ ကာယကံရှင်သည် ငါလား။ သူလား။ သင်လား။ ငါဆိုလျှင် ကျွန်တော်လား၊ ကျွန်မလား စသည်ကို ဖော်ပါ။ သူဆိုလျှင် သက်ရှိလား၊ သက်မဲ့လား၊ ယောကျ်ားလား၊ မိန်းမလားစသည်ကို ဖော်ပါ။ သင်ဆိုလျှင် ရှင်လား၊ ခင်ဗျားလား စသည်ကို ဖော်ပါ။ ဥပမာ၊ မသာလည်းတာ၊ သာလည်းတာ၊ ဖိုးလ ငွေသော်တာ ဆိုရာဝယ် ကာယကံရှင် မည်သူနည်း။ လူသားတို့ ဖြစ်သည်။ ထို့ကြောင့် လူသားတို့သည် ဖိုးလမင်းကို မသာလည်း

BURMESE CLASSIC .com

တကြသည်။ သာလည်း တကြသည်ဟု သိရသည်။ လုပ်အားတန်ဖိုး။ ချစ်မြတ်နိုး ဟူ၍ ဆရာက တပည့်များကို ဆုံးမရာတွင် ကာယကံရှင် မည်သူနည်း။ တပည့်တို့ဖြစ်သည်။ ထို့ကြောင့် အသင် တပည့်တို့သည် လုပ်အားတန်ဖိုးကို ချစ်မြတ်နိုးကြရမည်ဟူ၍ ဆုံးမသည်ဟု သိရသည်။ ဝါဆို ဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့် ကောက်စိုက်ကွယ် ဆိုရာတွင် ကာယကံရှင် မည်သူနည်း။ ငါတို့ ဖြစ်သည်။ ငါတို့ သပြေသီး သွား ကောက်ကြစို့ ဟူ၍ အဖော်ညှိသည်ဟု သိရသည်။

၆။ ကဗျာနှင့် သက်ဆိုင်ရာ ကာလကို မှန်းဆကြည့်ပါ။ နေ့လား။ ညလား။ မည်သည့်လ မည်သည့်နှစ် မည်သည့်ခေတ်လဲ။ ကဗျာနှင့် သက်ဆိုင်ရာ ဒေသကိုလည်းမှန်းဆကြည့်ပါ။ အိမ်တွင်းလား။ အိမ်ပြင်လား။ မြို့ပြလား။ ကျေးရွာလား။ ကာလ ဒေသကို မှန်းဆနိုင်လျှင် ကဗျာ၏ အဓိပ္ပါယ် ပိုမို ထင်ရှား ကျယ်ပြန့်လာလိမ့်မည်။

၇။ ကဗျာ၏ အရင်းခံ အကြောင်းသည် အဘယ်နည်း။ ဝါကျတကြောင်းလောက်နှင့် ဖော်ကြည့်ပါ။

၈။ ကဗျာတပုဒ်၏ အဓိပ္ပါယ်ကို သဘောပေါက်ပုံ၊ အရသာကို ခံစားရပုံတို့သည် လူတဦးနှင့်တဦး မတူနိုင်။ နှစ်ကို သုံးနှင့်မြှောက်လျှင် ခြောက်ဖြစ်သည်ဟု ဆရာက သင်ပြသောအခါ ဆရာသင်ပြသည့်အတိုင်း တမျိုးတစားတည်း တပည့်တို့ နားလည်ကြသည်။ ဤသို့လည်း ဆရာက နားလည် စေလိုသည်။ သို့သော် ကဗျာကို ပို့ချသောအခါတွင် တပည့်တဦးနှင့် တဦးသည် ကဗျာ၏ စကားပြေကို အတူတူ နားလည်နိုင်မည် ဖြစ်သော်လည်း ကဗျာ၏အဓိပ္ပါယ်ကိုကား

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့၏ စွမ်းအား အလျောက် အမျိုးမျိုး သဘော ပေါက်ကြလိမ့်မည်။ အရသာကိုလည်း အမျိုးမျိုး ခံစားကြရလိမ့်မည်။ ဤသို့ အမျိုးမျိုး သဘောပေါက်သည်ကိုရင်း၊ အရသာ ခံစားရသည်ကိုရင်း ဆရာတို့က အားပေးရသည်။ ချွတ်ချော် တိမ်းယိမ်းနေလျှင် တည့်မတ်ပေးရမည်။ အစီအစဉ် မသင့်လျှင် ပြုပြင်ပေးရမည်။ မပြည့်စုံလျှင် ပြည့်စွက် ပေးရမည်။ မိမိ သဘောပေါက်သည်နှင့် မတူသဖြင့်၊ မိမိ ခံစားရသည်နှင့် မတူသဖြင့် တပည့်အား အပြစ်မဆိုရ။ သင့်လျော်အောင် ခေါင်းဆောင် လမ်းပြမှုကိုသာ ပြုရသည်။

အထက်ပါ အလက်ာနည်း၊ လေ့လာနည်းတို့ဖြင့် ကဗျာကို သင်ကြားပို့ချပေးလျှင် တပည့်တို့သည် စာဆိုကဲ့သို့ပင် စွမ်းအား အလျောက် မျက်စိ ရှင်လာကြလိမ့်မည်။ နား ပါးလာကြလိမ့်မည်။ အတွေး ကြွယ်လာကြလိမ့်မည်။ အပြော တတ်လာကြလိမ့်မည်ဟူ၍ ကဗျာ သင်ကြား ပို့ချသော ဆရာတို့အား မှာကြားလိုက်ပါသတည်း။

# မာတိကာ


| အမှတ်စဉ် | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | တက်လူတေးသံ | ဇော်ဂျီ | ၁ |
| ၂။ | ဤနေရာ | ။ | ၂ |
| ၃။ | ရွှေကတွတ် | လယ်ဝန်မင်း ဦးစီ | ၃ |
| ၄။ | တို့တောရွာ | နုယဉ် | ၄ |
| ၅။ | ကောက်စိုက်ချိန် | ။ | ၅ |
| ၆။ | တို့လယ်သမား ဗုံထောက်သံ | ဇော်ဂျီ | ၆ |
| ၇။ | သုံးသီးစားနှင့်စည်ဖြေသံ | မင်းသုဝဏ် | ၈ |
| ၈။ | ကန်ပေါင် | နုယဉ် | ၁၀ |
| ၉။ | အမိုးတို့တဲ | ထင်မိုး | ၁၁ |
| ၁၀။ | ပျိုလေး | နုယဉ် | ၁၂ |
| ၁၁။ | ပန်းနှင့်လှေငယ် | ။ | ၁၄ |
| ၁၂။ | ပြည့်သက်သခင် | ကောက်လှိုင်း | ၁၆ |
| ၁၃။ | နွားညီနောင် | ရွှေးရေး | ၁၇ |
| ၁၄။ | ကျွဲကျောင်းသံ | (ရခိုင်ထေး) | ၁၈ |
| ၁၅။ | စာခြောက်ရုပ် | သင်းအောင် | ၂၀ |
| ၁၆။ | လယ်နားချိန် | မင်းယုဝေ | ၂၂ |
| ၁၇။ | သားချော့သံ | ဇော်ဂျီ | ၂၃ |
| ၁၈။ | ကျူပြင် | ။ | ၂၄ |
| ၁၉။ | ဗေဒါပန်း | ။ | ၂၅ |
| ၂၀။ | ဒီတက်ချိန် | ။ | ၂၆ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၂၁။ | ဒီကျချိန် | ဇော်ဂျီ | ၂၇ |
| ၂၂။ | ပိန်းကောမ | ရွှေးရေး | ၂၇ |
| ၂၃။ | ပန်းယန့်လျက်ပါ | ဇော်ဂျီ | ၂၈ |
| ၂၄။ | လောင်းညိုကျလူး | ရွှေးရေး | ၂၉ |
| ၂၅။ | လယ်ဆင်းချိန် | ထိလာစစ်သူ | ၂၉ |
| ၂၆။ | တို့ညီနောင် | ဇော်ဂျီ | ၃၀ |
| ၂၇။ | သခ်နှီးစာ | ဝင်းကြွယ် | ၃၁ |
| ၂၈။ | ပွဲခင်းသာ | တင်မိုး | ၃၂ |
| ၂၉။ | ရှပ်စုံပွဲ | ဦးပုည | ၃၄ |
| ၃၀။ | မြိုင်လ | ရွှေးရေး | ၃၅ |
| ၃၁။ | ကျေးလက်ပြည်သူ | မောင်ငြိမ်းသူ | ၃၆ |
| ၃၂။ | မှာစကား | ရှင်ငြိမ်းမယ် | ၃၇ |
| ၃၃။ | လုပ်အားတန်ဖိုး ချစ်မြတ်နိုး | မာလာအေး | ၃၈ |
| ၃၄။ | မျှမျှငှါငှါ တို့မူရာ | တင်မိုး | ၄၀ |
| ၃၅။ | သားဝယ် ဒိန်းသံအချို | | ၄၂ |
| ၃၆။ | ခြင်းပွဲ | ကိုလေး | ၄၄ |
| ၃၇။ | ဘုန်းကြီးပျံ | (သားဝယ်လေး) | ၄၅ |
| ၃၈။ | တို့အင်းလေး လှသဘင် | မောင်လူခဲ | ၄၆ |
| ၃၉။ | ရွှေဆက်၍သာ | လှဝင်းညို | ၄၇ |
| ၄၀။ | မိခင်နှင့်ရင်သွေး | မင်းသုဝဏ် | ၄၈ |
| ၄၁။ | ပုခက်လွှဲချင်း | ။ | ၄၉ |
| ၄၂။ | တို့တိုင်းပြည် | ဇော်ဂျီ | ၅၀ |
| ၄၃။ | တာဝန် | ဥသျှောင် | ၅၁ |
| ၄၄။ | လက်နက် | ငွေတာရီ | ၅၂ |
| ၄၅။ | သင်နှင့်တန်ဖိုး | တင်မိုး | ၅၅ |
| ၄၆။ | မတူသူနှစ်ဦး | မြင့်မျိုးမြတ် | ၅၆ |
| ၄၇။ | ညီညာဖျဖျ လျှော်ခတ်ကြလော့ အညာမြေ | မောင်သူဇင် | ၅၇ |
| ၄၈။ | ပုရွက်လမ်းကြောင်းလေး | ဝင်းနွဲ့ | ၅၈ |
| ၄၉။ | ပညာကြိုးစားမယ် | သိန်းသန်းထွန်း | ၅၉ |
| ၅၀။ | အလှဆင်သူ | တင်ငြိမ်းဦး | ၆၀ |
| ၅၁။ | ပြည့်သူ | မောင်မြင့်မြတ် | ၆၁ |
| ၅၂။ | ဟိုဘက်မြို့က အိမ်ကလေး | မောင်လူခင် | ၆၂ |
| ၅၃။ | မြင်းချိတ်လင်္ကာ | ရွှေးရေး | ၆၃ |
| ၅၄။ | ယခုခါ | ဇော်ဂျီ | ၆၄ |
| ၅၅။ | မယ်တို့တော | မင်းသုဝဏ် | ၆၄ |
| ၅၆။ | အမိဗမာပြည်သို့ | နုယဉ် | ၆၅ |
| ၅၇။ | ကောင်းစွာဝတ်စားမယ် | သိန်းသန်းထွန်း | ၆၆ |
| ၅၈။ | ဝန်သွားလင်္ကာ | ရွှေးရေး | ၆၆ |
| ၅၉။ | လုပ်သားအောင်သဘင် | ကြံခင်းရိုးလှိုင် | ၆၇ |
| ၆၀။ | ထင်းလှည်းကလေးနှင့် လူနှစ်ယောက် | မင်းယုဝေ | ၆၈ |
| ၆၁။ | ဆေးလိပ်ထက်ဆောင် | ရွှေးရေး | ၆၉ |
| ၆၂။ | ဇုံးမ သမိုင်း | (သားဝယ်လေး) | ၇၀ |
| ၆၃။ | ရွှေတော်ပြေး | မင်းသုဝဏ် | ၇၆ |
| ၆၄။ | အောင်ပါစေ | နုယဉ် | ၇၇ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၆၅။ | လက်ဆောင်ပြန် | မင်းသုဝဏ် | ၇၇ |
| ၆၆။ | သင်္ကြန်လက်ဆောင် | ဇော်ဂျီ | ၇၈ |
| ၆၇။ | ကြာပွင့်ချိန် | ဗန်းမော်ညိုနွဲ့ | ၇၉ |
| ၆၈။ | သင်္ကြန်ပွဲ | (ရခိုင်တေး) | ၈၀ |
| ၆၉။ | နှစ်ဦးမင်္ဂလာ | မင်းသုဝဏ် | ၈၁ |
| ၇၀။ | တောင်ခိုးနှင့်တိမ် | ။ | ၈၁ |
| ၇၁။ | သင်္ကြန်အခါ အလံတိုင်ဘုရားမှာ | ဇော်ဂျီ | ၈၂ |
| ၇၂။ | မြတ်ရေစင် | မင်းသုဝဏ် | ၈၅ |
| ၇၃။ | လက်ဆောင်ကောင်း | တင်မိုး | ၈၅ |
| ၇၄။ | လောကအလှ | ဇင်မင်း | ၈၆ |
| ၇၅။ | စွမ်းကြသူများ | မောင်မြင့်မွန် | ၈၇ |
| ၇၆။ | ခြေရာ | မောင်စွမ်းရည် | ၈၈ |
| ၇၇။ | နိမိတ် | ။ | ၈၉ |
| ၇၈။ | စာနာသူ | ကြည်အောင် | ၉၀ |
| ၇၉။ | မိုးဆွေငှက် | ဇော်ဂျီ | ၉၁ |
| ၈၀။ | လှေငယ် | ။ | ၉၂ |
| ၈၁။ | အညာလှေ | ရွှေရေး | ၉၃ |
| ၈၂။ | အမေရယ် အပါပျင်းလှချည့် | မင်းယုဝေ | ၉၄ |
| ၈၃။ | ထာဝရအလှ | ဝင်းကြွယ် | ၉၅ |
| ၈၄။ | တောက အလှ။ | ထိလာဝစ်သူ | ၉၆ |
| ၈၅။ | သင်သေသွားသော် | ဇော်ဂျီ | ၉၈ |


အလယ်တန်း ကဗျာလက်ရွေးစင်

# ထက်လှူတေးသံ

ကြက်ဖ .... သာလျှင်
အာရုဏ်ရောင်လှ၊ ဝင်းဝါကြ၏။

ဥဩ .... သာလျှင်
ရာသီနွေလ၊ ဖူးပွင့်ကြ၏။

ဖားငယ် .... သာလျှင်
အာကာမိုးက၊ မိုးရွာကြ၏။

တက်လူ .... သာလျှင်
မြန်မာပြည်လှ၊ အားသစ်ရ၍
ဇေယျအောင်လံ ထူမည်တည်း။

ဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



# ဤနေရာ

ဤနေရာတွင်
ညောင်ညိုပင်၏၊ မြေပြင်ခြေရင်း
မြစ်ပါးပျဉ်းသည်၊ သက်ဆင်းလူးလွန့်
မြွေသို့တွန့်၏။

ဤနေရာတွင်
ပိန္နဲပင်ဝယ်၊ ရှဥ့်ရှင်ပေါ့ပါး
မြီးဖားဖားသည်၊ ရွက်ကြားခက်လက်
လျှပ်သို့လက်၏။

ဤနေရာတွင်
ထန်းနှစ်ပင်သည်၊ တူယှဥ်ပြိုင်မြင့်
ရွက်ဝန်းဖွင့်၍၊ အကျင့်သိက္ခာ
ရှင်သို့သာတည့်။

ဤနေရာတွင်
စေတီရှင်သည်၊ ဖြူစင်မောက်မို
ကြာဖူးသို့တည့်။

ဤနေရာတွင်
ထက်ကောင်းကင်ဝယ်၊ လေညင်ခတ်တီး



စေတီထီးမှ၊ ဆည်းလည်းသံရှင်
မိုးကျသွင်တည့်။

ဤသို့သံသာ၊ ဤရုပ်ဝါသည်
ငါ့မှာသတိ မြဲခဲ့၏။

ဇော်ဂျီ

## ရွှေကတွတ်

(ဒွေးချိုး–ဗုံကြီးသံ)

ရွှေမန်းဆို တောင်တော်ဦးက
ကျူးလာတဲ့ မိုးသံငယ်
အနန်းညံခြိမ့်ကြွေးလေ့။

တာတော်ခွင်
ရေဝင်အောင် ရွှေကတွတ်ကို
မင်း လွှတ်ခဲ့လေး။

လယ်ထိန်းမင်း ဦးခီ

www.burmeseclassic.com

www.burmeseclassic.com



# တို့တောရွာ

ပျိုလေးတို့ရွာ၊ သာပါစေမေး။
သာပါတယ်၊ ရွာလယ်လမ်းမှာ
ပန်းတွေနှင့်မွှေး။

ပျိုလေးတို့ရွာ၊ သာပါစေမေး။
သာပါတယ်၊ ရွာငယ်ဖြိုးလို့
စည်းရိုးနှင့်လေး။

ပျိုလေးတို့ရွာ၊ သာပါစေမေး။
သာပါတယ်၊ နေညိုစောင်းယင်
ဒေါင်းတွန်သံကြွေး။

မောင်ကြီး လာခဲ့ယင်
မြောက်ပြင်မှာမေး။
မြောက်ပြင်က အိမ်စဉ်တန်းမှာ
ပန်းခြုံနှင့်လေး။

ပန်းခြုံနှင့် အိမ်ကိုဝင်ယင်
ဒန်းမြင်လိမ့်လေး။
သည်ဒန်းကို ပျိုစီးလို့
ညည်းမှိုင်မိသေး။





အပျိုပေါတဲ့၊ တို့တောရွာ။
ပျိုလူ ရွာစဉ်လျှောက်လို့
လမ်းထောက်ခဲ့ရှိ။
ရှုခင်းရယ်သာ၊ ရွာစဉ်လုံး ကြည်အေး။
ပျိုရွာ ရှုမဆုံးမှာ
ပြုံးကြမယ်လေး။

နုယဉ်

# ကောက်စိုက်ချိန်

ရွှေမိုးမင်းက၊ မလင်းတလင်း
တို့လယ်ပြင်က၊ ပျိုးပင်ခင်း
ပျိုလေး ကောက်စိုက်ဆင်း။

ရွှေမိုးမင်းက၊ မညို့တညို
သီချင်းသီသံချို။
ညောင်ညိုပင်က၊ သံစုံချွဲ
တေးငှက် ရွှေလည်နွဲ့။

ရွှေယောင်တွဲနှင့် ပျိုတို့လူ
ပျိုလေးချစ်တဲ့သူ။
ကူလာပါနှင့် ပျိုကောက်ရေး
မွှေးမေဆိုမယ်လေး။

နုယဉ်



www.burmeseclassic.com

www.burmeseclassic.com



# တို့လယ်သမား မုံထောက်သံ

ကျွဲနှင့် သွေ့မထ၊ မှည့်သမျှ ရွှေငွေ။
ဟဲ့အလှ မယ်မေရယ်၊ လယ်မြေနှံ ဖြန့်ကြဲ။
စိုက်ကြစို့ ဘာမဖြစ်နိုင်တယ်၊ ရတနာပုံ ဆိုက်ဖို့မလွဲ။

မားစက်ပုံ ထွန်သွားတဲ့၊ ကြားပါစ ကိုဖိုးထယ်။
ကြားပါရဲ့ ရွှေမယ်ရယ်၊ ဖိုးထယ်တို့ ဥာဏ်မဝေး။
မနှစ်က တို့မျှားလယ်မှာ၊ တွင်ကျယ်တယ်မားစက်ကြောင့်လေး။

အောက်ရပ်မြေ ရေချိုပိုင်း၊ တိုင်းပြည်သိ ကြေးကြော်။
သုံးသီးစိုက် သိုက်စာပေါ၊ မြတ်ဘိုးတော် ဥာဏ်တဲ့။
စပါးနှင့် ဂုံလျှော်ပင်၊ ဆောင်းအခင် သီးလိမ့်မြဲ။

ဆည်မြောင်းရေ သွင်သွင်စီးပြန့်မို့၊ နှစ်သီးလောက် စိုက်မယ်ရှင်။
ဘိုကိုဏ်နှင့် နှံနံပင်၊ နှမ်းလျှင်နှင့် ကုလားပဲ။
ရွှေးချင်ဘု ရှင်ဘုတ်ဆုံရယ်၊ ဂျုံပင်ပါ ကောင်းတတ်သည့်တဲ့။

ခြည်မျှင်ရှည် ဝါပြုရယင်လှ၊ တကေ တွက်စမ်းကွယ်။
ခက်ပါဘု စရိတ်ဖယ်ယင်၊ ရာ့သုံးဆယ် ငွေသား။
အိတ်ကပ်ထဲ အသားတင်ကျန်မယ်၊ သာဆယ်ပြန် စိုက်ကြစို့လား။





ကာဖီခြံ လဖက်တွဲ၊ မြေပဲနှင့် ကြံပင်။
တိုးချဲ့လို့ စိုက်လိုက်ယင်၊ တောတခွင် တောင်တလွှား။
စားနေဝတ် အရာရာမှာ၊ သူမသာ မြို့နှင့်မခြား။

လိမ်မော်ခြံ တောင်သောင်း၊ တောင်စောင်းနှင့် တောင်စွယ်။
ယန္တရား ညှစ်စက်တယ်မယ်၊ ချင်းတောင်နယ် စခန်း။
ငါတို့ရဲ့ အကြံအောင်ယင်၊ တပြည်ထောင် သုံးလို့ရှင်လန်း။

တောပင်ကို တော်တော်ခုတ်ကြပါ့၊ တောပြုတ်လိမ့် နောက်နောင်။
တောခုတ်လို့ တောပြောင်၊ မိုးခေါင်တော့ မှာဘဲ။
မိုးခေါင်လို့ ရေမကြွယ်၊ သဲပင်လယ် ဖြစ်လိမ့်မလွဲ။

ပုပ္ပားမောင် တောင်ခတုံး၊ ယောင်ထုံးစို့ ကွယ်တို့ရယ်။
ထုံးလှလှ မြကောဘွယ်၊ ချယ်ရီနှင့် သဖန်း။
သီးမျိုးနှင့် ပွင့်မျိုးမကျန်အောင်၊ နှစ်ခါပြန် စိုက်လိုက်ကြစမ်း။

ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com



# သုံးသီးစားနှင့် စည်မြောသံ

မိုးမရွာ ရေမတက်လို့
အက်ကြောင်းနဲ့ ဗလပွေ၊ တို့မြေကွဲ လယ်တော။
နေ့ချင်းကွယ် ရေလျံ့လို့၊ ညချင်းကွယ် ရေလျံ့လို့
တာတာမံ အနိုင်တုတ်ရတယ်၊ စုပ်ရေကပေါ။

စုပ်ရေမှာ မြေခဲ့လို့
မျိုးကြဲစို သကြန်မိုး၊ ဂုန်ိုတဲ့လျှော်ထွေး။
နောင်ရေးကို မျှော်ချေက
လျှော်တလှေ ငွေတလောင်းရယ်နဲ့
ရောင်းဖို့စိတ်ကူး။

လျှော်ချိန်ကုန် မုတ်သုန်မိုးရယ်နဲ့
ထယ်ထိုးလို့ လယ်ထွန်၊ ရောင်းစွံတဲ့ ငကြဲ။
ကြွက်သွားရယ် အတူယှဉ်လို့
လယ်ပြင်မှာ ဆင်ကောင်ပျောက်တယ်
ဖြိုးမောက်လို့ကဲ။

ကောက်လှိုင်းတို့ လယ်ကန်သင်းက
မိုးမင်းကို ဂုဏ်ပြိုင်တယ်၊ ညိုနိုင်ပေ့လေး။
မလေးရယ် သူ့မှာလို့
ညိုပြာပြာ နီလာမွဲကို၊ ခူးခဲ့တယ်လေး။





နှင်းဝေဝေ လေကစားတော့
ကြွက်သွားတဲ့ တန့်နှစ်နှံ၊ အိမ်ပြန်မှိုထမ်း။
ညဦးမှာ တူပျော်တော့
ကြွက်သွားလှော် ဆုံမှာလောင်းတယ်၊ ထောင်းစို့မုန့်ဆန်း။

တလင်းပြင် ကောက်စဲတော့
မြေပဲတဲ့ အပင်ထောင်၊ မြောင်းဘောင်နဲ့ပျိုး။
မျိုးကောင်းရယ် ဆန်အောင်မို့
မြောင်းဘောင်မှာ ပင်ထောင်ထွားတယ်
ဆားခတ်တန်ခိုး။

သည်တနွေ သည်တမိုးမှာလ
သုံးမျိုးတဲ့ သုံးဖုံ၊ စုံနိုင်ပေ့လေး။
လျှော် ပဲရယ် ရွှေဆန်ကြောင့်
စည် မြောသံ ညံ့မနားတယ်၊ သားရှင်ပြုတေး။

ဥသြရယ်တွန်
ရွာစုန်က ရွှေကျောင်း။
မယ်နဲ့မောင် အလှူပေးတယ်
အေး ရေစက်လောင်း။

မင်းသုဝဏ်



www.burmeseclassic.com

www.burmeseclassic.com



# ကန်ပေါင်

ကန်ပေါင်ကို အလည်သွားစို့
လိုက်မလား အထွေးရေ
မြူးကြမယ်လေ။
ရန့်ငယ်ဝေ
လေပြေကအေး။
ပဒုမ္မာ ကြာနီမင်းက
သင်းပျံ့ပျံ့မွှေး။

ကန်လယ်မှာ ဖော်မမှီးတဲ့
ကြာငုံကြီး တကိုယ်တော်
မှီးသည့်မျှော်။
ပြုံးလို့သာမော်
ပျော်ရှာထင့်လေး။
ရေနန်းသူ သူ့အဆင်းမှာ
ဝင်းပပအေး။

ကန်ရေပြင် ငြိမ်ငြိမ်သက်မှာ
ပိန်းကြာရွက် လှေငယ်လို
စီးမယ်လို့ဆို။
ရည်းလေးသံချိုချို
သီဆိုလို့မြူး။
လေပြေ သုန်သုန်ဝှေ့လို့
လှိုင်းရွှေရွှေလူး။

နုယဉ်





# အရိုးတို့ တဲ

အရိုးတို့ တဲကလေး
ရေဖွေးလို့လေး။
မိုးလိုက်ကြဟော
တဲခေါင်ခြေ ရွှေထန်းရွက်နဲ့
မိုးပက်လို့လေး။

အရိုးတို့ရွှေတဲ
ယိုင်လဲလို့လေး။
စိုက်လိုက်ကြဟော
တဲခြေမှာ ဝါးပိုးထိုးနဲ့
တိုင်ကျူးလို့လေး။

အရိုးတို့ တဖက်ရပ်
လေခတ်လို့လေး။
ကာလိုက်ကြဟော
မြေနီ ရွှေရည်လောင်းနဲ့
ဆောင်းဝင်လို့လေး။

ထင်မိုး



www.burmeseclassic.com

www.burmeseclassic.com



# ပျိုလေး

သီချင်းသံ ချိုအေးလို့
ပျိုလေးတို့ ရွာဆီမှာ
မြူးကြဘာသာ။
သည်ချိန်ခါ၊ ရွာသူတဲ့ပျော်ဆဲ။
ကန်ဆီမှာ သံစုံမြူးကြတယ်
ရေရွက်တဲ့ပွဲ။

ကန်ပေါင်မှာ သူရပ်တော့
မိုးနတ်သူ ပုံပမာ
ပျိုလေးသူဇာ။
သူ့ရှုပါ၊ မျက်နှာက ကြည်အေး။
ဒီရွာသူ အပျိုချောငယ်
တောသူပဂေး။

ကြာပွင့်ကြီး သင်းကြူကြူ။
ကိုလူပျို ပြေသံဆန်းတယ်
မှန်းဆတဲ့သူ။
ကြာပွင့်ကိုချူ၊ ချူမယ်တဲ့လား။
ပျိုလေးကိုကြူ၊ ကြူတယ်တဲ့လား။
သီချင်းသံ လေပြေ သင်းမှာ
ညွှင်းပေါ့တအား။





ချူးမယ်တဲ့ ဆွတ်မယ်။
ကန်လယ်မှာ ကြာနီပန်းငယ်
လန်းတင့်လှတယ်။
ကြာပွင့်ကိုရှယ်၊ လှယ်ပါလိမ့်လေး။
ပျိုလေးကိုရှယ်၊ လှယ်ယောင်နှင့်ပေး။
ကိုလူပျို ကန်ပေါင်ရိုးက
ညိုးစိတ်နှင့်ဆွေး။

မိုးချုပ်လို့ ချိန်တန်။
မလေးပျို ရေကိုရွက်တယ်
ရွာဘက်ကိုပြန်။
ကန်ရိုးမှာကျန်
ပြေသံက ကြူသေး။
ပျိုလေးရယ် ဘယ်အခင်းကြောင့်
ငြင်းရက်တယ်လေး။

နုတဉ်



www.burmeseclassic.com

www.burmeseclassic.com



# ပန်း နှင့် လှေငယ်

ချောင်းပြင်မှာ ရေဖွေးလို့
လှေကလေးနှင့် ပျော်ရအောင်
လိုက်ခဲ့ပါမောင်။
မိုးတွေကမှောင်၊ သောင်ဖြူရဲ့အကွေ့။
ရေလယ်မှာ လှေငယ်မျှောမယ်
တောသူမလေ့။

အုန်းညိုညို မနိုတောက
တယောသွင့် အနီဝါ
ပြုံးကြည်မျက်နှာ။
ရေစီးခိုက်မှာ၊ ဗေဒါကအပြေး။
ဇလပ်ဖြူ ရေမှာကူးတယ်
မွှားရချည်လေး။

ဝဲလှည့်မှာ ချာလယ်လယ်။
လမုငုံအပျိုဖျန်းက၊ နွတ်ခမ်းနီတျာရဲ့နှင့်
ကဲ ပိုလှတယ်။
ချစ်စဘွယ်၊ ငယ်သူရဲ့အဆင်း။
ပန်းနှစ်ငုံ ရေယဉ်ကြောမှာ
မျောတတ်လေခြင်း။



အလယ်တန်း ကဗျာလက်ရွေးစင်

ဟိုရွှေက ဖြူနီပြာ။
မောင်ကြီးရယ် လယ်နခမ်းမှာ
လှမ်းမျှော်ကြည့်ပါ။
ရန့်ကြူဖြာ၊ လေညာကမွှေး။
ပုတီးညို လည်မှာမြန်းမယ်
ပန်းကြာတဲ့လေး။

မိုးဆွေငှက် မြည်သံသာ။
သည်ချောင်းပြင် ရေတရိုးမှာ
မိုးတွေကပြာ။
ရေစီးနှဲလာ၊ ဗေဒါက ရွှေပြေး။
သီချင်း သာသာညံ့လို့
ရွာအပြန် ရေလယ်လမ်းဆီက
မယ်နှင့်မောင် တူစုံမြန်းကြတော့
လှမ်းမိတယ်လေး။

နုယဉ်

www.burmeseclassic.com

www.burmeseclassic.com



## ပြည့်သက်သခင်

မြေကိုထွန်ယက်၊ နွားဖက်ကာလျှင်
မိုးစို့ရွှဲရွှဲ၊ လယ်ထဲက ယာရှင်
စားဝတ်ဖို့ပင်၊ နေ့ဝင်မှောင်ဆဲ
လှုပ်ရှားကာတည်၊ ရှုန်းရသည်
တောဆီမှာ လုပ်မြဲပေမို့လေး။

ကောက်သီးပြွတ်လဲ၊ လယ်ထဲမနွှာ
ယာကိုတမျိုး၊ ချုံတိုးစိုက်ထွင်ရှာ
ပြောင်းပဲနှမ်းဝါ၊ မြေမှာမလပ်
သခွား ဖရုံ ဘူး ကင်းပုံ
ထွက်ကုန်သာ တရုန်းပေမို့လေး။

လယ်နှင့်မပြတ်၊ ယာစပ်မကျန်
ညကင်းစောင့်လဲ၊ သူ[illegible]ပ်ရပြန်
နေ့ရက်ဖန်ဖန်၊ တာဝန်မှ[illegible]
ဆောင်ရွက်ခါခါ၊ အာ[illegible]ကိုရှာ
ကျေးရွာကာကွယ်ရေးပေမို့လေး။

နယ်စပ်ရန်လေ့၊ ရှုပ်ထွေးလာလျှင်
တံစဉ်ပစ်ထား၊ စစ်သားဖြစ်ကာပင်
သေနတ်လွယ်တင်၊ တောခွင်တောင်ထု





တိုက်ပွဲထွေထွေ၊ နွှဲသလေ
တို့မြေ လုံခြုံမှုပေမို့လေး။

ရိက္ခာကျွေးပြု၊ လယ်မှုကူညီ
ဆန်ရေစပါး၊ ပေါများစေဘို့ရည်
မြတ်သောစစ်သည်၊ တလီစွန့်ထွက်
တိုင်းပြည်တာဝန်၊ နှစ်ဖက်သွန်
ကဲလွန်ကျေပွန် လျက်ကာယ်နှင့်လေး။

ပြည့်သက်သခင်၊ အထူးပင် မြတ်ဘိသည်
သည့်ထက်အစဉ်၊ ဦးလျှင် ညွှတ်မိသည်။

ကောက်ထွိုင်း

## နွားညိုနောင်

(လေးဆစ်)

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။
ပျိုတို့မောင် ယာ မလုပ်တယ်
ဝါးခုတ်တဲ့တောင်။
နွားညိုနောင်
စည်အောင်ပ ပေကျောင်း။
မယ်နှင့်မောင် အတူနေရမှ
သူဝေအောင် ချူတွေ့ဆွဲလို့ရယ်
လှည်းယဉ်နဲ့မောင်း။

ရွှေအရှု



www.burmeseclassic.com

www.burmeseclassic.com



# ကျွဲကျောင်းသံ

## (ရခိုင် တေး)

မက္ကလာယေ ရှိုင်ရှိုင်
ကြိမ်သားဒုတ်ကို နန္နောင်းကိုင်၊ ကယိုင်ကပါး
နှင်းမှိုင်မှိုင်ကော၊ တောင်ကျိုင်ကြားမှာ၊ ကျွဲကျောင်းလားရေ။
အစ်ကိုမပါ ညီမပါ
ကြိမ်သားဒုတ်ကို နန္နောင်းကိုင်၊ ကယိုင်ကပါး
နှင်းမှိုင်မှိုင်ကော၊ တောင်ကျိုင်ကြားမှာ၊ ကျွဲကျောင်းလားရေ။
ဟူး .... ရေ .... ရေ .... ဟူး။

---

၁။ မက္ကလာ = ခမောက်
၂။ ရှိုင်ရှိုင် = လှပ တင့်တယ်သည်။
၃။ နန္နောင်း = မြဲမြဲ
၄။ ကယိုင်ကပါး = ကတိမ်းကပါး
၅။ တောင်ကျိုင်ကြား = တောင်ချိုင့်ကြား
၆။ ကျွဲကျောင်းလားရေ = ကျွဲကျောင်းသွားသည်။
၇။ ဟူး....ရေ....ရေ....ဟူး = အော်ဟစ်သံ





ထွေတောင် ဒေတောင်၊ ချောင်မြောင်တလွှား
ပိုးပစိုင်းသံ၊ ညံသသွား
တောသံ လီသံ၊ မဆူညံ
နှင်းသံဖြဲဖြောက်၊ ပဖေါက်ဖောက်သို့ ကြားရရေ။
ဂြောင်တောင်ကြောင်၊ နက်ပြောင်ခလောင်း
တောဘာယံမှာ၊ သာငြိမ့်ညောင်းပျာ ကြားရရေ။
ဟူး ..... ရေ ......ရေ ......ဟူး။

---

၈။ ထွေတောင်ဒေတောင် = ထိုတောင် ဤတောင်
၉။ ပိုးပစိုင်း = ပုစဉ်းရင်ကွဲကောင်
၁၀။ ညံသသွား = ဆူညံနေသည်။
၁၁။ လီသံ = လေတိုက်သံ
၁၂။ ဖြဲဖြောက် = ဖြောက်ဖြောက်မြည်သောအသံ
၁၃။ ပပေါက် = ပေါက်ပေါက်
၁၄။ ဂြောင်တောင်ကြောင် = ခလောက်သံ
၁၅။ ခလောင်း = ခလောက်
၁၆။ တောဘာယံ = တောင်ကမ်းပါးယံ
၁၇။ ပျာ = ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



# စာခြောက်ရုပ်

ရွှေရောင် မှည့်ဝင်း၊ စပါးခင်း၏
ကန်သင်းဘေးစပ်၊ မတ်တတ်ရပ်သည်
ရိုးပြတ်စည်းထုပ်၊ စာခြောက်ရုပ်။

နံနက်စောစော၊ နှင်းသောသောတွင်
အကြောစိမ့်မျှ၊ ချမ်းတုန်လှလည်း
တစတစထွာ၊ ခိုစရာလျှင်
ပုဝါမရှိ၊ ဘာမရှိ။

နေလယ်ခင်းချိန်၊ နေပူရှိန်တွင်
လိမ်ပိန်၍သာ၊ နေရပါသည်
ရင်ဆာမပျောက်၊ အာခြောက်ခြောက်။

နေရောညပါ၊ ဆက်၍သာလျှင်
ငါမှာစောင့်ကြပ်၊ မလစ်လပ်စွ
မတ်တတ်နှင့်သာ၊ ညောင်းညာလာခဲ့
သာသာကျွေးကျွေး၊ ကန်သင်းဘေးတွင်
တရေးတမော မှေးလိုသည်။

စပါးခင်းသို့
ချင်းနင်းဝင်ရောက်၊ စပါးကောက်၍



စားသောက်လိုအား၊ ငှက်ငယ်များက
ငါ့အားမျက်စောင်း ထိုးကြသေး။

တခါတုန်းက
ဘုန်းကြီးကျောင်းသား၊ နွားကျောင်းသားတို့
လေးအားပြိုင်ခန်း၊ လက်တည့်စမ်း၍
နတ်ခမ်းပဲ့ကျိုး၊ ခေါင်းကအိုးသည်
သက်ဆိုးမရှေ၊ ကွဲခဲ့လေ၏။

အို .... ဘဝတခို
မစုံမပြေ၊ ရှိပါလေလည်း
ရွှေရောင်မှည့်ဝင်း၊ စပါးခင်းမှ
တေးချင်းဟစ်အော်၊ တကြော်ကြော်နှင့်
ပျော်ပျော်ရွှင်ရွှင်၊ တေးသံလွှင်ကို
ငါလျှင်ကြားရ၊ ထိုခဏဝယ်
ဒုက္ခအားလုံး မေ့နိုင်၏။

သင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



# လယ်နားချိန်

နွေလယ်ကာလ၊ နေပြင်းပြ၍
လယ်ကမြေကွက်၊ ပတ်ကြား အက်၏။

ရိုးပြတ်လမ်းနှင့်
လှည်းလမ်းကြောင်းငယ်၊ အသွယ်သွယ်လည်း
လယ်ကိုဖြတ်ကာ၊ ပေါ်ထင်လာ၏။

ရိုးပြတ်တို့လည်း
မိုးသို့မျှော်စိုက်၊ မြေသို့ငိုက်နှင့်
လယ်၌အန္တ၊ စစ်အင်ဖြန့်၏။

ခပ်လှမ်းလှမ်းဝယ်
စိမ့်စမ်းလိုလို၊ ရေပြင်လိုနှင့်
တခိုလယ်တွင်၊ တံလျှပ်ထင်၏။

လယ်သမားလည်း
လယ်နားချိန်ခါ၊ သည်အခါဝယ်
နွားစာကိုငင်၊ ထွန်ကိုပြင်နှင့်
ပေါင်းပင်ကိုရှင်း၊ မြက်ကိုရှင်းနှင့်
ကန်သင်းကိုဖောက်၊ မြေကိုပေါက်နှင့်။

သူ့မယားနှင့်
သူ့သားသက်ဝေ၊ လယ်တောနေမှု
ရှုံ့ရေအိုင်ထဲ၊ ငါးရှာဆဲ။

မင်းယုဝေ





# သားချော့သံ

မိုးပေါ်မှာ တိမ်တလိပ်
ချောင်းထိပ်က ထလို့ပျံ
ကွင်းဘက်ကိုဆန်။
တိမ်ထဲကညံ၊ ဘာသံတဲ့လေး။
ငှက်မိုးဆွေ သားကောင် ဖောက်တယ်
မိုးသောက်ယံ တေး။

တဲရှေ့မှာ လှေကလေးနဲ့
နေ့ာက်ဖေးက ဘူးစင်ခံ
ဝါးကြခတ်ရံ။
တဲဆီကညံ၊ ဘာသံတဲ့လေး။
ကလေးမေ နှိုချကျွေးတယ်
မွန်းတည့်သံတေး။

လူသံနဲ့ ငှက်သံ။
ကျုရိုးရှင် ပီပီကလေးနဲ့
တေးပြိုင်မယ့်ကြံ။
သားချော့ကြဟန့်၊ ကြံပါနဲ့လေး။
လောင်းပြင်တော့ဟေး၊ လှေပြင်တော့ဟေး။
မင့်ယောင်မှာ ကျုတံရိုး
ထိုးပြန်ခဲ့လေး။

ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com



# ကျူပင်

ဟိုအက်ရှာ မနိတန်းနဲ့
တိုကမ်းက အုန်းညီနေ့ာင်
ချောင်းရေကဖောင်။
ရေလယ်ခေါင်၊ သောင်ပေါ်လို့ထွန်း။
ရေပြင်မှာ ပက်လက်ကလေး
မှေးရှာတဲ့ကျွန်း။

ကျွန်းသောင်ကို ဒီတိုးတော့
ကျူပင်ရိုး တတိုင့်နှစ်တိုင်
ယိမ်းခါလို့ယိုင်။
နှတ်ပူးတဲ့တိုင်၊ ယိုင်ပါပေ့လေး။
အုန်းယူခဲ့ဟေး၊ ထန်းယူခဲ့ဟေး။
ပုစဉ်းပျံ ဘယ်တိုင်ဖျားမှာ
နားရမယ်လေး။

ဇော်ဂျီ





# ဗေဒါပန်း

ချောင်းပြင်မှာ စီတန်းလို့
ဗေဒါပန်း ရေကြောင်ဆွေ
မျှောလို့သာနေ။
ကမ်းကွေ့မှာခွေ၊ ကမ်းပြေတော့စင်း။
သည်ချောင်းရေ လေမခတ်တယ်
စီးတတ်လေခြင်း။

ကျူရိုးရှင် ပီပီမှတ်လို့
ဘုတ်မကို သူကပြိုင်
ချောင်းစပ်မှာထိုင်။
ဘုတ်မကတိုင်၊ ကျူကိုင်ကအေး။
ရေစီးနဲ့လာ
ရေသာမှာ ပြန်လို့မြန်းတဲ့
မဗေဒါ စုန်ဆန်ပန်းကို
လှမ်းတယ်တဲ့လေး။

စုန်ပါတဲ့ ဆန်ပါ။
ကျူရိုးရှင် ပီပီကလေးနဲ့
တေးချီလို့သာ။
ဘယ်မြို့ကလာ၊ ဘယ်ရွာဆိပ်ကမ်း။
အပွင့် အပြာရောင်နဲ့
ဘယ်သောင်မှာ နေချီအေးလျှင်
မှေးအိပ်မယ်မှန်း။

ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com



## ဒီတက်ချိန်

ဗျိုင်းညီနောင်၊ အတောင်ကဖြူဖွေး။
ကမ်းစပ်ကိုကြည့်
ကွင်းပြင်ကို စားကျက်ပြောင်းကြပေါ့
ချောင်းအောက်ခွင် ပင်လယ်ဝမှာ၊ ဒီကြွပြီလေး။

ကနန်းမ ရှံ့စိုစို၊ တကိုယ်လုံ့ နီတွေး။
တွင်းဝ လတာပြင်က
ခရုပင် တွယ်ကာ တက်လေပေါ့
တောင်ဘက်ခွင် ပင်လယ်စွန်းမှာ၊ ဒီတွန်းပြီလေး။

ပုစဉ်းကောင်၊ အတောင်က ငွေမှေး။
ကမ်းစပ် ကျူတချုံက
သူမလုံ သူခုန်ထွက်လေပေါ့၊ ဒီတက်ပြီလေး။

ဒီတက်ချိန်တန်၊ ဆန်လာပေါ့ ဗေဒါပန်း။
ကျူရိုးရှင် ကျူတံတီး၊ ဆီးကြိုလို့လွမ်း။

ဇော်ဂျီ





## ဒီကျချိန်

ဗျိုင်းညီနောင်၊ အတောင်ကဖြူဖွေး။
ကမ်းစပ်မှာငိုင်
သူလည်တိုင် စွေတစောင်းနဲ့
ရေတံငါ အစာချောင်းပြန်ပေါ့၊ ဒီ ညောင်းပြီလေး။

ကနန်းမ ရှံ့စိုစို၊ တကိုယ်လုံး နီတွေး။
လက်မ တထောင်ထောင်နဲ့
တွင်းဘောင်မှာ မင်းယောင် ခင်းပြန်ပေါ့၊ ဒီ ဆင်းပြီလေး။

ပုစဉ်းကောင်၊ အတောင်က ငွေမှေး။
ကျူရုံမှာ သူလှုံခပြန်ပေါ့၊ ဒီ ကျပြီလေး။

ဒီ ကျချိန်တန်၊ စုန်ပြန်ပေါ့ ဗေဒါပန်း။
ကျူရိုးရှင် ကျူပင့်ရွက်နဲ့၊ ခွန်းဆက်လို့လွမ်း။

ဇော်ဂျီ

## ပိန်းကောမ

(ဒွေးချိုး)

ဦးကော့လို့ ပဲ့ထောင်
ကုန်လှောင်လို့ လှူစီး။
ထိုးဝါးကိုကိုင်
ကြိုးဆွဲသူ တယိုင်ယိုင်နဲ့
ရွက်တိုင်ကို လေမသိမ်းတယ်
ပိန်းကောမကြီး။

ရွှေးရေး

www.burmeseclassic.com

www.burmeseclassic.com



# ပန်းပန်လျက်ပါ

ညိုပြာပြာ၊ လတာပြင့်ခြေရင်း။
လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာ ဆင်း။

ဆင်းရလဲ မသက်သာ။
အုန်းလက်ကြွေ ရေပေါ်လော၊ မျှောစုန်လို့လာ။
အဆင်းနဲ့ အလှ၊ ဗေဒါမှ အထွေး။
အုန်းလက်ကြွေ သွန့်ဘေး၊ ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ မသက်သာ။
နေ့ခက်တချို ဒီတလုံးက၊ ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ့ ပေါ်မလာ၊ မဗေဒါ အလှ။
ဘယ်ကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လဲ မသက်သာ။
ချောင်းအဆွယ် မြောင်းငယ်ထဲက၊ ဘဲထွက်လို့လာ။
ဘဲအုပ်မှာ တရာနှစ်ရာ၊ ဗေဒါကတပင်တဲ့။
အယက် အကန်ခံလို့
ဗေဒါပျို အံ့ကိုခဲ၊ ပန်းပန်လျက်ဘဲ။

ဇော်ဂျီ



# လောင်းညိုက လူး

## ( လေးဆစ် )

တက်ပြင်တဲ့ ရှက်ပြင်။
ရွှေပုံးဆို ရွာအနေ့ဘက်က
ချောင်းပေါက်ကို ဝင်။
မိုးသက်ကယ်လေဆင်
ပြန်ခင်မယ် ထင်ဘူး။
ပျိုတို့မောင် တကိုယ်ထူး
လောင်းညိုက လူး။

ရွှေးရေး

# လယ်ဆင်းချိန်

တိမ်ညိုညို မိုးသားဆိုင်းတော့
အုံ့ပြ မှိုင်း မှောင်ရိပ်ဆင်
မိုးသက်လေ နှင်။
ထယ်သွားကို ပြင်
လယ်ခွင်ကိုဆင်း။
ထယ်ရေး ညက်ညက်ထိုးလို့
ကြိုးစားပါမင်း။

ထိလာစစ်သူ

www.burmeseclassic.com

www.burmeseclassic.com



# တို့ညီနောင်

အရှေ့ကို မျှော်မှန်းတော့
မော်ရှမ်း တောင်ထွေထွေ
လှိုင်းထလို့နေ။
တောင်ခိုးရယ်ဝေ၊ တောင်ခြေက မြူတန်း။
ဖွားစော မာယာဆင်လို
ပုဂံရှင် တောင်ခါးပန်းမှာ
စည်းရ သက်န်း။

အနောက်ကိုတဲ့ မျှော်ပြန်လျှင်။
ပုပ္ပါးဆို တောင်မြင့်ချွန်း
လွမ်းစေတီ သွင်။
ကိုယ်ထီးငယ်ထင်၊ လွင်ပြင်၌ မတ်မား။
ယက္ခ မောင်မယ်ကြင်နဲ့
စံကား လော်ရွှေစင်နဲ့
ခြေလျှင်ကို တောင်ထွတ်ဖျားမှာ
ပန်းလက်ဆောင်ပါး။

မော်ရှမ်းက အပြာရောင်။
ပုပ္ပါးဆို တောင်မြင့်ကျိုင်း
မှိုင်းညိုလို့မှောင်။
တို့ညီနောင်၊ လယ်ခေါင်က နေနား။



နောင်လဲ မျှော်တော်ယောင်နဲ့
ညီလဲ မျှော်တော်ယောင်နဲ့
သည်နှစ်တောင် တောင်စပ်ကြားမှာ
လွမ်းဘွယ်ကာ မျှား။

ဇော်ဂျီ

# သခ်န်းစာ

ငါပြုံးပြသော်
သူကတုံ့ပြန် ပြုံးလေသည်။

ငါကမဲ့သော်
ငါကဲ့သို့လျှင်၊ မဲ့ဟန်ဆင်၍
သူပင် တုံ့ပြန်တတ်လေသည်။

သစ်သားဘောင်ခတ်၊ ဤမှန်ချပ်သည်
စိတ်ဓာတ်မပါ၊ သညာမရှိ
သတိမဖက်၊ အသက်ဝိညာဉ်
ကင်းလွတ်စင်လျက်၊ တုံ့ပြန်ချက်သည်
ငါ့တွက် သခ်န်းစာတကား။

ဝင်းကြွယ်

www.burmeseclassic.com



# ပွဲခင်းသာ

နွားညီနောင် ရွှေချူကုံးနဲ့
လူလုံးပြ ဟန်ရေးကြွယ်။
ခြောက်စထောင် လှည်းယဉ်ကျော့နဲ့
ပွဲဝင်တော့မယ်။
မမလေး သေးသွယ်သွယ်
လိုက်မယ်ဆို နှံ့သာသ
ခန်းဆောင်ကကြွ။

ဆံမြိတ်နွယ် ခိုတောင်ချုနဲ့
လက်အပွ ပဒုမ္မာ။
သရက်ထည် ပွင့်ဝါရိုက်နဲ့
လိုက်ဖက်လှပါ။
ပြုံးတော့မဲ့ နွှဲ့မူရာ
ပျူငှါလို့ ကြည်ဝင်း။
နွားညီနောင် ခြေကုန်သုတ်အောင်
ရှပ်က ကျော့ရှင်း။

ခေါင်းပေါင်းစ တထောင်ထောင်။
အရီးလူ လှည်းအိုပျက်က
ပြုံးမျက်စ လှောင်။
ဆောင်ပန်းအိမ် လကျ်ာကျက
ဆောင်းစနဲ့ ပျိုတို့မောင်



ပြုံးယောင်ယောင့် တိတ်တခိုး။
ကမ်းနုဝါ သူငုံလို့
ပန်းပုဝါ သူခြုံလို့
မလေးလုံ အရှက်ကြီးသူမို့
ထီးကာလို့ မိုး။

ဘုံကထိန် ဂုဏ်သိန်ဟည်း
စင်တော်ကြီး ရုပ်စုံမှိုင်
ပွဲအုပ် မနိုင်။
သူကြီးက မှိုင်
ကျောင်းထိုင်က ညည်း။
အုတ်ကျက်ကယ် ဆူညံနှင့်
စင်ဆော်သံ မိုးယံအုပ်
ပတ်တုပ်လို့တီး။

သမြေညို ပင်ပျိုအုပ်မှာ
လှည်းဖြုတ်လို့ နေရာယူ
ပွဲကြည့်တူတူ။
ဆောင်းလေက ကလူ
နှင်းမြူက အဝဲ။
စောင်မြိတ်တို့ တထည်ထဲမို့
မောင့်ရွှေကိုယ် နှံ့သာခဲနဲ့
လူပုံမှာ တူစုံနဲ့ရတယ်
မေ့ကတ်နိုင်ဘဲ။

တင်မိုး

www.burmeseclassic.com

www.burmeseclassic.com



# ရှပ်စုံပွဲ

## (တေးထပ်)

နှစ်ပြည့်ထောင် တည်ကြ
အလယ်က ကျောင်းဆောင်
အနောက်က ရွှေဂူချောင်
ဝေပူတောင်အရှေ့။
မင်းကြီးနှင့် ကိန္နရာ
ဣန္ဒာပါထွက်တဲ့ ရသေ့။
သုပဏ္ဏရာဇာ
နာဂါကို အတွေ့
ထောင်ဂုမ္ဘာဏ် ရုံကြွေ့လို့
စုံမွေ့သည့် ကြာပျော်။
ဇော်ဖေဂီ တပယ်ဝိဇ်ကယ်တို့
တညီစိတ် မြန်းကြပြောမော်။
လင်းကြက်ဖြင့် အတန်ဆော်ပြီ
ဘယ်ဇာတ်တော် လေမှန်းသိ
အခန်းခန်း အထွေထွေ
များနိုင်များပေ။
နိပါတ်ကနှယ် ရှုပ်လေသည်
အရှုပ်တွေ ပြည့်ဖုံးနှင့်လေး။

ဦးပုည



# မြိုင်ထ

## (လွမ်းချင်း)

တောင်တလျှောက်မှာလှ
ပိတောက်ကယ်နှင့် ရင်းမှာ
ရှူတိုင်းရယ် သာသည်
ဇလတ္တာ ရွှေအင်ကြင်းငယ်တို့
လေညှင်းညှို့ သုတ်ကာလှိုင်
ကြိုင်ကြိုင်သင်းလိုက် လှတယ်လေး။
စမ်းရေယဉ်ငယ်၊ သွင်သွင်လျှောကျ
တောဝန ပြောက မကုန်
ခေါင်ရွှေဖိုးငယ်နှင့်၊ ငှက်မျိုးသာ စုံတော့
ရဂုံကျော့ သည်မြိုင်ဌမှာ
တက်တက်တူ ရွှေခါပြောက်တွေက
ဖော်မစုံ ရဂုံအောက်မှာ
အို ခင်ရဲ့၊ ကိုင်း လျှောက်တယ်လေး။

ရွှေရေး



www.burmeseclassic.com

www.burmeseclassic.com



# ကျေးလက်ပြည်သူ

တောသူတောင်သား၊ ဆင်းရဲသားသည်
ဖားကောက် ငါးခူတ်၊ သစ်ဝါးခုတ်၍
လယ်လုပ် ထန်းတက်၊ ရက်ကန်းရက်၏။

ကိုယ်၏ဝမ်းစာ၊ ကိုယ်သာရှာ၍
လာပါကြပါ၊ မဖိတ်ပါလည်း
မသာအလှူ၊ ဝိုင်းဝန်းကူ၏။

ခေါင်းလောင်းမတီး၊ မောင်းမတီးလည်း
မီးရေးထင်းရေး၊ တွံမနှေးကြ။

အမိန့်စာနှင့်၊ ချောမဆင့်လည်း
လူနှင့်နွားကျွဲ၊ ကျွဲရဲဆွဲသော်
ကျွဲရဲတော်လှန်၊ တုတ်ဓား လှံတည့်။

ညီညွတ်ချိန်ကျူး ညီညွတ်ကြသည့်
မြန်မာ့ကျေးလက်၊ ထိုအသက်ကို
ဆက်လက်ထိန်းသိမ်း သင့်ပါသည်။

မောင်ငြိမ်းသူ





# မှာစကား

## (အိုင်ချင်း)

နှမလေး မယ်တို့အိမ်ကို၊ သိလိုချင်မူ
နတ်ခရိုင်နှင့် စျေးဆိုင်နှင့်ရှင့်။
အိမ်ရှေ့ကလျှင်၊ အုတ်ပလ္လင်နှင့် ညောင်ပင်နှင့်ရှင့်။
အိမ်နောက်ကလျှင်၊ စပါးလင်နှင့် နှင်းပင်နှင့်ရှင့်။
အိမ်တောင်ကလျှင်၊ မိဿလင်နှင့် ချင်းပင်နှင့်ရှင့်။
မိဿလင်နှင့် ချင်းကို လိုလျှင်
ဝါဆိုငယ်မှ ဝါဦး၊ မြေနှုန်းနှုန်းကို
တူးလာလှည့်ရှင်။
မိဿလင်နှင့် ချင်းကို မလို
နှမလေး မယ့်ကို လိုမူ
တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို
ကူးလာလှည့်ရှင်။
အပျိုဖြူငယ်
မယ်သာသုံးသည့်၊ ဂုံချိုကိုးငုံ့နှယ်
ခိုင်လုံးတင့်လေး။

ရှင်ငြိမ်းမယ်



www.burmeseclassic.com

www.burmeseclassic.com



# လုပ်အားတန်ဖိုး ချစ်မြတ်နိုး

သူသူငါ ဖြတ်ကူးတဲ့
ရွာဦးက တံတားအို
ညွတ်ယိုင်လို့ပြို။
လူထိုထို၊ မြင်မလိုနဲ့ ရှောင်လွှဲ။
မပျက်ပါဘူးရယ်နဲ့
မခက်ပါဘူးရယ်နဲ့
ကူးဖြတ်ရာ သည်အတိုင်းသာ
ဆိုင်းကြသည်ဘဲ။

တံတားပေါ် ချော်ကာကျ
မောင်သာဝ သားလေးဟာ
ခြေကျိုးရရှာ။
လူတကာ၊ အပူရှာလို့ ဘယ်မမှု။
တံတားအို သည်အတိုင်းသာ
ရိုးပြိုင်းပြိုလု။

ဟိုနေ့က ကိုဘအေး
နွားလှည်းလေး မောင်းလို့လာ
တံတားအိုထက်မှာ။
ရုတ်တရက် မခံသာ
ပြိုကာဖြင့် ကျပါရော။
နွားလှည်းပေါ် ထိုင်လာတဲ့
ဘုရားတကာ ဦးရွှေခ
သေရ ပါပကော။





တံတားအို ကျိုးကာပျက်
အသက်လဲ ဆုံးခဲ့သည်
နေ့ခင်တရပြီ။
လာကြပေါ့ ညီညီ
မြင်မည်ပ တို့ရွာသား။
တံတားအိုမို့ ပြင်ကာဆောက်တယ်
သွေးသောက်စိတ်ထား။

ယခင်ခါ အပျင်းကပ်လို့
စိတ်ဓာတ်က မှုမမှုန်
လျစ်လျူရှုပြန်။
ယခုမှ အားတွေသန်
တို့မာန်ထ မပျော့ငွဲ့။
တံတားသစ် ပေါ်လာထွက်ပြီမို့
အားတက်စိတ်ထဲ။

ဘယ်အရာ ဘယ်အမှု
လျစ်လျူရှု မနေသာ
မျှားအတွက်ပါ။
လုပ်အားရဲ့ ဂုဏ်အင်္ဂါ
ရင်မှာဖြင့် ချစ်မြတ်နိုး။
ငွဲ့ကို ဖက်မပါလို့
ရွှေဆက်ကာ အလုပ်ပွားယင်
မျှားမည့်တန်ဖိုး။

မာလာအေး(အေးရိပ်သာ)



www.burmeseclassic.com

www.burmeseclassic.com



# ပျပျငှါငှါ တို့မူရာ

ငါတို့မြည်သည်
အိုးစည်ဝိုင်းသံ၊ ဒိုးပတ်သံနှင့်။

အလှူ မသာ၊ မင်္ဂလာတွင်
စာနာမည့်သူ ပျော်မည့်သူနှင့်။

တရပ်တရွာ၊ ညှော်သောင်လာလျှင်
ကွမ်းယာဆေးလိပ်၊ သင်ဖျာလိပ်နှင့်။

ကုသိုလ်ဝေစု၊ ကြေးစည်ထုလျှင်
သာခုကောင်းစွ၊ နှုတ်ကြည်မြနှင့်။

ကုန်းခင်ဆင်းတက်၊ ခရီးထွက်လျှင်
ထန်းလျက်ဖြူဆုပ်၊ ရေတာမှုတ်နှင့်။

ခရီးတခေါင်း၊ ကိုယ်လက်ညောင်းလျှင်
ထနောင်းပင်ပျို၊ စရပ်အိုနှင့်။

တောင်သူ လှည်းနွား၊ လုပ်ငန်းနားလျှင်
ဘုရားပွဲဈေး၊ ဇာတ်ရုပ်သေးနှင့်။

မောင်းထောင်း ဆန်ပြာ၊ ဗိုင်းငင်ကာလျှင်
ချိုသာကြည်အေး၊ ပလွေတေးနှင့်။

သူငယ်အိပ်ဆိတ်၊ ကြက်ဦးသိပ်လျှင်
ညအိပ်ရာဝင်၊ ထုံးပုံပြင်နှင့်။





မောင်မယ်ခွန်းစ၊ ပြည်လိုကြလျှင်
ရွှေလသာသာ၊ စကားထာနှင့်။

သက်ရှယ်မိုးချုပ်၊ သွေးလေယုတ်လျှင်
ခြေဆုပ်လက်နယ်၊ ဝတ်ကြီးငယ်နှင့်။

တရပ်တကျေး၊ အေနေဝေးလည်း
ဤတေးပျူငှါ၊ ဤမူရာတို့
စိတ်မှာလည်းဝင်၊ ရင်မှာလည်းစွဲ၊ သတိမြဲ၏။

သူပြည်ဌာန၊ သာလေစွဟု
ရှုပ်ပြမာတ်ပုံ၊ မျက်မြင်ကြုံလည်း
တို့ဂုဏ်ကိုစွဲ၊ သတိမြဲ၏။

သူတို့ပြည်မှာ၊ တိုးတက်စွာဟု
စာမှာ ဖတ်ကြား၊ နားမှာလည်းဝင်
ရှုပ်ရှင်လည်းရှု၊ ရင်သပ်ပုံလျက်
သာမုအေးအေး၊ ဆိုမိသေးလည်း
တို့တေးတို့သွင်၊ တို့ဝန်းကျင်ကို
ခင်မင်စိတ်စွဲ၊ သတိမြဲ၏။

ငါ့စိတ် ငါ့နား၊ ငါ့သွေးသားကို
လှည့်ဖြားယိမ်းယိုင်၊ မပြုနိုင်ပြီ
ငါပိုင်မြေမှာ၊ ငါ့ဆွေညာနှင့်
သေရွာအတူ သွားမည်တည်း။

ဒေါ်မိုး

www.burmeseclassic.com



# ထားဝယ်ဒိုန်းသံအချို့

(၁)

စစ်ဘီးကိုလဲ မရပ်နု။
ရှစ်တီးကိုလဲ မကာပ်နု။
စစ်ဘီးကိုရပ်ဟာ လဲတာတ်တယ်။
ရှစ်တီးကိုကပ်ဟာ မွဲတာတ်တယ်။

(၂)

ဒေါန့်ဒေါန့်ဗြယ်သူကလဲ အိုး။
ကူကူဗြယ်သူကလဲ ချိုး။
သောင်းလွန်းတန့်သူကလဲ ကြိုး။
ညဥ့်ခန်းတိုင် အီအောဝ့်မှာ
ရှော့သူကလဲ သူခိုး ဆိုပါတယ်လေး။

(၃)

မမဆံထောင်း၊ အိုးပွတ်လောင်း
အိုးပွတ်လောင်းမှာ၊ ပန်းတွေပါ
မျှားခါတချို၊ နဲ့ခါတချို
ဝါသုခေါန်းမှာ ပန့်စေဘိုလေး။
အိုမယ်ဝေး ပေးလိုက်ပါလေး။





(၄)

ပန်လယ်မော်ဦး၊ ဆပ်ဆောဖူးကို
ဖူးလောင်းမတာန်၊ ဆိဆွတာန်
မမ ပန်းတာန် မှားမယ်လေး။
အိုမယ်ဝေး ပြင်လိုက်ပါတော့လေး။

---

စကားပြေ။ (၁) စက်ဘီးကိုလည်း မရပ်နှင့်။ ချစ်တီးကိုလည်း မကပ်နှင့်။ စက်ဘီးကိုရပ်က လဲတတ်သည်။ ချစ်တီးကိုကပ်က မွဲတတ်သည်။

(၂) ဒေါင်ဒေါင်မြည်သည်ကလည်း အိုး။ ဂွတ်ကူးမြည်သည်ကလည်း ချိုး။ သုံးလွန်းတင်သည်ကလည်း ကြိုး။ ညချမ်းတိုင် အိမ်အောက်မှာ လျှောက်သူကလည်း သူခိုး ဆိုပါတယ်လေး။

(၃) မမဆံထုံး၊ အိုးပွတ်လုံး။ အိုးပွတ်လုံးမှာ၊ ပန်းတွေပါ။ များခါတချို၊ နည်းခါတချို။ ရွာသူ့ခေါင်းမှာ ပန်စေချိုလေး။ အို အမိရေ၊ ပေးလိုက်ပါလေး။

(၄) ပင်လယ်မော်ဦး၊ ဆပ်သွားဖူးကို၊ ဖူးလုံး မတင်၊ ဆိတ်ဆွတင်၊ မမ ပန်းတင် မှားမည်လေး။ အို အမိရေ၊ ပြင်လိုက်ပါတော့လေး။

www.burmeseclassic.com

www.burmeseclassic.com



## ခြင်းပွဲ

အနှောက်နှေသည်
စေတီတဆူ၊ ထုံးဖြူဖြူကို
ပူဇော်ကန်တော့၊ ခပ်ဖျော့ဖျော့။

ညောင်ပင်အိုသည်
လေကိုလက်ခံ၊ ရွက်ခတ်သံနှင့်
တေးထံကျာနေ့၊ ခပ်ဖျော့ဖျော့။

ဘုရားနယ်မြေ၊ ညောင်၏ခြေတွင်
လေတွင်ပျံ့ဝဲ၊ ခြင်းတပွဲသည်
စိတ်စွဲအောင်တော့၊ ခပ်ကျော့ကျော့။

ထုံးနှင့်စေတီ၊ ညောင်တေးသီ၍
ခြေညီခြင်းဝိုင်း၊ မြင်ရတိုင်းလျှင်
လှိုင်းသို့ရင်ကြွ၊ ရှင်အားရသည်
မြန်မာ့ရိုးရာ ကစားပွဲ။

ကိုဝေး (အင်းဝဂုဏ်ရည်)



## ဘုန်းကြီးပျံ

### (ထားဝယ်တေး)

မရန်းပန် သျှင်ဖျား၊ နိဗ္ဗာန်သွား
သွမ်းထားအလောန်း၊ ရွှေငွေခေါန်း
စုပေါန်းသောင်းထောန် ငါးရာကျော်
ထန်ပေါ်တလား ကီးမြင့်ဇား
တောန်ထားရွှေဆယ် ဖြစ်ဘယ်ကား။
အို့မယ်ဝေ့ ကြီးကျယ်စပန်မား။

---

ကားမြေ။ မရန်းပင်ကျောင်းတိုက် ဆရာတော်ဘုရား ပျံတော်မူသည်။ အလောင်းတော်ကို ရွှေခေါင်း ငွေခေါင်းနှင့် သွင်းထားသည်။ အလှူငွေသုံးထောင်ငါးရာကျော် စုပေါင်း၍ ရသည်။ တလားသည် ထင်ပေါ်ကြီးမြင့်လှသည့်တကား။ အတောင်ပေါင်း ရှစ်ဆယ် ဖြစ်ပေသည်။ အိုမိရေ၊ ကြီးကျယ်လှချေတကား။

www.burmeseclassic.com



# တို့အင်းလေး ရွှေသံအောင်

အင်းလေးကန်ဆီ၊ လှိုင်းပြာရီ
စေညှိပွင့်တော၊ ကြာညိုပေါ်
လေ့လေ့ဟော လေ့လေ့ဟော။

တို့အင်းမှာလေ၊ ကျင်းမြဲပေ
ပြိုင်လှေသင်းဖြော၊ ပွဲခင်းသော
လေ့လေ့ဟော လေ့လေ့ဟော။

မိုးကမခေါင်၊ ရေကဖောင်
နေရောင်ဆမ်းသော၊ လှိုင်းဖွေးငေါ
လေ့လေ့ဟော လေ့လေ့ဟော။

လေးဆယ်မှုရာ၊ လှော်သားပါ
လှေမှာရှည်မျော၊ မိနက်ကျော
လေ့လေ့ဟော လေ့လေ့ဟော။

ခြေထောက်မှာတက်၊ လှော်ခတ်ချက်
ရေပွက်ပန်းကြော၊ ပြာလျောလျော
လေ့လေ့ဟော လေ့လေ့ဟော။

ပန်းဦးလှေကိုင်၊ တို့လှေနိုင်
တက်တိုင်မြှောက်တော၊ ကြွားသံနှော
လေ့လေ့ဟော လေ့လေ့ဟော။



နိုင်သူအများ၊ ပြန်အသွား
ရွာသားပျိုချော၊ ဆီးကြိုမော
လေ့လေ့ဟော လေ့လေ့ဟော။

မောင်လူခဲ (အင်းလေး)

# ရွှေဆက်ရှိသာ

ခရီးလမ်းလျှင်
ကြမ်းတမ်းနက်ရှိုင်း နေသော်လဲ။

ခရီးလမ်းလျှင်
ဖြောင့်တန်းမညီညာ သော်လဲ။

ခရီးလမ်းလျှင်
ရောပြွမ်းဆူးခက် ထူသော်လဲ။

ခရီးလမ်းလျှင်
မျှော်မှန်းမမြင် ရသော်လဲ။

အားမပျက်နှင့်
ရွှေဆက်ရှိသာ၊ လမ်းခဲ့ပါလျှင်
ကြယ်ပြာကန့်မြူး၊ သဝါဖူးနှင့်
လေရူးသုန်သုန်၊ သင်းပျံ့ထုံကို
တွေ့ကြုံခံစား ရလိမ့်တကား။

လှဝင်းညို

www.burmeseclassic.com

www.burmeseclassic.com



## မိခင်နှင့်ရင်သွေး

ကြက်ဦးသံနှင့်၊ ပန်းနှယ်ပွင့်သား
မိခင့်သက်လျှာ၊ နိုးသံသာသည့်
ကမ္ဘာ့လောက အေးမြမြ။

အိပ်တန်းလှုံသော်
ပန်းငုံနှယ်ဖူး၊ မေ့သက်ဗူးကား
သိကျူးသံဆိတ် လရောင်ရိပ်။

ကျောက်ရှုကန့်ရှု၊ ဦးဖြင့်ငွေ့လျက်
မေးမေ့သည်းချာ၊ နိုးပြန်ပါသော်
လိုရာစမ်းသပ်၊ ပါးနှင့်အပ်ရှု
ပွင့်ချပ်ဖူးဖွေး၊ ပန်းနှယ်ကွေးသည်
ပိုက်ထွေးရင်ကြား မိခင်ထား။

မင်းသုဝဏ်



## ပုခက်လွှဲချင်း

နေမင်းဖန်ဝါ၊ ယွန်းတော့ရွှာ
အိပ်ပါလူလေး၊ မေ့ရင်သွေး
ရည်းလေလေ့ ရည်းလေလေး။

ငှက်မငှက်ဖို၊ သိုက်မြုံခို
သံချိုမကြွေး၊ အိပ်ပြီလေး
ရည်းလေလေ့ ရည်းလေလေး။

ရနံ့မထုံ၊ ပန်းဝတ်မှုန်
ပန်းငုံမှာကွေး၊ အိပ်ပြီလေး
ရည်းလေလေ့ ရည်းလေလေး။

လမင်းသော်ဘာ၊ ရောင်ခြည်ဖြာ
အိပ်ပါလူလေး၊ မေ့ရင်သွေး
ရည်းလေလေ့ ရည်းလေလေး။

မင်းသုဝဏ်

www.burmeseclassic.com

www.burmeseclassic.com



# တို့တိုင်းပြည်

ထလော့မြန်မာ၊ အိုမြန်မာတို့
တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
စေတီ စပါး၊ များလည်းများ၏
များပါလေလဲ၊ တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
ယာစကာမျိုး၊ တညှိုးညှိုးနှင့်
ပုထိုးမြင့်မောင်း၊ ကျောင်းကြိုကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ၊ ဝမ်းမဝ၍
ဆွမ်းမျှမတင်နိုင် ရှိမည်တည်း။

ထလော့မြန်မာ၊ အိုမြန်မာတို့
တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
ရေချိုသောက်ရန်၊ မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား၊ များလည်းများ၏
များပါလေလဲ၊ တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
မြင်သာမြင်ရ၊ မစားရ၍
တောကပြိတ္တာ ဖြစ်မည်တည်း။

ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျော့လုံ့လ



သူကစ၍၊ ငါကအားလုံး
လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့
ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ
ဤယာစပါး ဘယ်သူ့စပါးလဲ
ထားလော့ဘာဝန်၊ ပွန်လော့လုပ်ငန်း
ဉာဏ်ရွှေပန်း၍
တဝမ်းတစိတ် ညီစေသတည်း။

ဇော်ဂျီ

# တာဝန်

သူတို့သဘော
မငေးမောလင့်
ငယ်သော တို့လေ့
ကြိုးဖြုတ်ဖြေ၍
ကမ်းခြေဦးတည်
လှော်ဘက်ချီလျက်
ညီညီလှော်ခတ်ကြပါစို့။

ဥဓသျှာင်

www.burmeseclassic.com



# လက်နက်

လင်းအာရုဏ်၌
မှိုင်းမှုန်ဝိုးဝါး၊ မြူထုကြားမှ
ရွှေသားရောင်ဝင်း၊ ရှင်နေမင်းသည်
လွှတ်ကင်း ထွက်မြောက်တော့မည်တကား။

အရှေ့ဆီဝယ်
ရောင်နီရဲရဲ၊ ဝါလဲ့လဲ့တည့်
နှင်းတွဲမြူဝဲ၊ တောအုပ်ထဲမှ
မဲမဲကုပ်ကုပ်၊ တလှုပ်လှုပ်သည်
ချုံပုတ်ပင်လော လူပင်လော။

လှစ်ကနဲလျှင်
ရှာထဲဝင်လမ်း၊ စည်းရိုးတန်းမှ
ဖြတ်သန်းဝင်ရောက်၊ သစ်ရိပ်အောက်သို့။

သူရွှေမှာသော်
ယိမ်းကာယိုင်လျက်၊ တဲအိုပျက်သည်
မဲလျက်မှောင်တွင်း တိတ်ဆိတ်ခြင်း။

အမေ အမေ၊ အမေ့သားလေ
အိပ်နေသလား၊ ဘေးတံခါးကို
သားဝင်ဘို့ရာ၊ လာဖွင့်ပါဦး တဲ့။





တံခါးရွက်ကို
လက်နှင့်သာပုတ်၊ နှီးကာလှုပ်သော်
ငုတ်တုတ်ထထိုင်၊ ယိမ်းတယိုင်နှင့်
တပိုင်ရှင်မ၊ သူလျှင်ထခဲ့။

သားသားလူလေး၊ သည်အမေနှင့်
အိမ်ဘေးတံခါး၊ ဖွင့်၍သွားသော်
ဆံကျားသွားကြွေ၊ တွန့်လိပ်ရေနှင့်
အမေတယောက်၊ တဲအိမ်ပေါက်ဝယ်
ငေါက်တောက်မားမား ထင်သတည်း။

အမေအမေ၊ အို-အမေဟု
မေးမေရင်ခွင်၊ သူမြေးဝင်ပြီး
မိခင်မေတ္တာ၊ မေ့မေတ္တာကြောင့်
သားမှာ စစ်ပွဲ အောင်ခဲ့ပြီ တဲ့။

တုန်ရီလှုပ်ရှား၊ ကွဲမပြားဘဲ
ခရားနှုတ်လွှာ၊ တတွတ်တွတ်သည်
နှုးညွတ်စိတ်နှင့် ဆိုသတည်း။

အောင်ခဲ့ပြီနော်
ငွေလည်ရစ်ဝဲ၊ မျက်ရည်တွဲနှင့်
လှိုက်လှဲမေအို၊ တုံပြန်ဆိုပြီး
သားကိုပွေ့လှည့်၊ တန်ကြာကြည့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မွေးမေမှာမူ
လူကလေးမောင်၊ ရဲစိတ်ဆောင်၍
မရှောင်စစ်ပွဲ၊ ဝင်ကာနွဲလည်း
ဆင်းရဲချို့တဲ့၊ လက်နက်မဲ့နေ
သည်အခြေမို့
ပူဝေသောကာ၊ ကြွမိသည် တဲ့။

ပီတိရွှမ်းအိုင်၊ မျက်ရည်ဖိုင်နှင့်
ဗျာလှိုင်စကား၊ သားလျှင်ကြားသော်
မေ့သားဖေးထောက်၊ တဲ့မှီလျှောက်၍
ထိန်တောက်မျက်ဝန်း၊ ပြုံးလဲ့ရွှန်းနှင့်
တခွန်းစကား၊ သူပြန်ကြား၏။

စိုးရန်ကောမေ
ချိုသောတဲ့သော၊ စိတ်မမောဘူး
သဘောရည်ဘူ၊ စိတ်ညီဘူနှင့်
ကြည်ဖြူစည်းရုံး၊ ညွှတ်သည့်ဘုံးကြောင့်
မရှုံးအောင်မြင်၊ ပွဲကြီးယင်ပြီ
စွမ်းအင်ထက်မြက်၊ သည်လက်နက်တဲ့။

ဩဘ်-လင်းအာရုဏ်၏
မှိုင်းမှုန်ဝိုးဝါး၊ မြူထုကြားမှ
ရွှေသားရောင်ဝင်း၊ ရှင်နေမင်းသည်
လွှတ်ကင်းထွက်မြောက်တော့မည်တကား။

ငွေတာရီ





# သင်နှင့် တန်ဖိုး

မိုးကျ၍ ထိုးဆွကုန်လော့
မျိုးချ၍ ပျိုးစကုန်လော့
တိုးကြွ၍ ကြိုးကြကုန်လော့။

မြေဆီမြေကွက် သင့်ဖွားဘက်တည့်
မိုးရေမိုးစက် ကစားဘက်တည့်
နွားညီနွားနက် သင့်ရဲဘက်တည့်။

သင့်လက်နက်ပြင်၊ ဆဲ့ကိုင်ငင်၍
လုပ်ခွင်ဆင်းကြ၊ ထွန်ယက်ကြလော့
မြေမှ ပဒေသာ သီးလိမ့်မည်။

သို့သော် သင်ကား၊ သင့်လုပ်အား၏
တရားသဖြင့်၊ ပိုင်ဆိုင်ခွင့်ကို
အသင့်ကာကွယ်ရလိမ့်မည်။

တင်မိုး



www.burmeseclassic.com

www.burmeseclassic.com



# မတွေ့သူနှစ်ဦး

ဈေးလမ်းမပေါ်၊ တကြော်ကြော်နှင့်
အော်ကာဟစ်ကာ၊ သူတောင်းပါသည်
သပြာငွေစ ရရန်တည်း။

သူ့အသွင်သည်၊ အားအင်ပြည့်ဆဲ
ကြံ့ခိုင်ဆဲတည့်။

ခြေစွမ်းလက်သန်၊ ကိုယ့်အားအန်နှင့်
ကြံရွယ်ကြိုးကုတ်၊ အားထုတ်သပြာ
ကိုယ့်ဝမ်းစာကို၊ ဘာတွက်မဖွေရှာသနည်း။

တယောက်လူမူ၊ နေပူကျဲကျဲ
ဇွဲစိတ်သန်သန်၊ ထန်ထန်ပြင်းပြင်း
လုပ်အားရင်း၍၊ ထမင်းတလုတ်
ကြိုးကုတ်ရှာဖွေ၊ စားရှာချေ၏။

ထုတ်လုပ်ဖွေကာ၊ အဖြေရှာသော်
ကမ္ဘာပေါ်တွင်၊ ကိုယ့်အင်ကိုယ့်အား
မကိုးစားပဲ၊ တပါးသူကို
မှီခိုချဉ်းကပ်၊ ခေါင်းပုံဖြတ်လျှင်
ပြည်ရပ်နိုင်ငံ ဆူးငြောင့်တည်း။

မြင့်မျိုးမြတ်





# ညီညာဖျဖျ လှော်ခတ်ကြလော့

ရေလှိုင်းတန်ပိုး၊ ဂရက်ဆိုးတွင်
တက်ကျူးသော်လည်း တို့မကြောက်

ရေလှိုင်းထန်ဆဲ၊ ဂရက်ဝဲတွင်
လှေကွဲသော်လည်း တို့မကြောက်။

တက်ဇာကိုယ်စား တို့လက်ထား၍
မားမားလှော်ကာ ရှေ့ဆက်မည်။

လှေကွဲမှလျှင်၊ ရေတွေ့ဝင်က
တွင်ကွင်ပက်ကာ ရှေ့ဆက်မည်။

တက်ကျူးလှေကွဲ၊ ဂရက်ဝဲတွင်
ရဲရဲလှော်ခတ်၊ မခိုကပ်ရ
ဖျဖျညီညာ၊ လှော်ခတ်ပါလျှင်
ရှေ့တွင်ဆိပ်ကမ်း ရောက်မည်တည်း။

အညာမြေ—မောင်သူဇင်



www.burmeseclassic.com

www.burmeseclassic.com



## ပုရွက်လမ်းကြောင်းလေး

ကောက်ကြောင်းကွေ့လိမ်၊ နေပူရှိန်ဝယ်
မှိန်မှိန်ရေးရေး လမ်းကလေး။

ပုရွက်နီတို့၊ ကိုယ်စီကိုယ်င
ကိုယ့်လမ်းမဝယ်၊ ကျရာဝန်ထမ်း
တွင်းနှုတ်ခမ်းထိ
ခြေလှမ်းညီညီ သွားနေသည်။

ပိုးပုရွက်သည်
ကျောက်ထက်ဆန်စေ့၊ ထမ်းယူဒွေ့လျက်
ချောမွေ့ကောက်လိမ်၊ လမ်းမှိန်မှိန်မှာ
တွင်းအိမ်အထိ သယ်နေ၏။

တွင်းနှုတ်ခမ်းနား၊ စုပုံထားသော
စပါးကောက်ဆန်၊ ရိက္ခာမွန်ကို
တွင်းစွန်အပါး၊ ပုရွက်များက
လုပ်အားညီညာ၊ ထက်သန်စွာနှင့်
သယ်ကာတွင်းဆီ ဝင်ကြပြီ။

ပုရွက်လမ်းကြောင်း၊ ကွေ့လိမ်စောင်းဝယ်
တုတ်ချောင်းကန့်လန့်၊ ရှေ့မှဟန့်လည်း





မတန့်မနား၊ ကျော်တက်လွှားသည်
သွားလိုခရီး ဆုံးအောင်တည်း။

မိမိသိုက်မြုံ၊ ကိုယ်ပိုင်အုံမှာ
ဖူလုံပေါများ၊ ကိုယ့်စီးပွားတွက်
မနားမခို၊ လမ်းကြောင်းဘိုဝယ်
လျှိုလျှိုတုံ့တင်၊ အားမာန်ဝင်သည်
ပုံတင်စံနှိုင်းဖွယ်တကား။

ဝင်းနွဲ့

## ပညာကြိုးစားမယ်

အေးအေးကလေး လုပ်ပါလို့
ကုပ်ကုပ်ကလေး ကြိုးစားကွယ်။

ထူးချွန်စွာ ပညာလမ်းမှာ
ကျွမ်းကျင်ရမယ်။

စာတွေနဲ့ လက်တွေ့ရယ်
စွမ်းဘို့ကွယ် အရေး။

လူရည်ချွန် ဖြစ်ဘို့မှန်း
ကြိုးပမ်းမယ်လေး။

သိန်းသန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



# အလှဆင်သူ

ငှက်ငယ်ပျို့သည်
မိုးညိုတခွင်၊ ချိုတေးဆင်လျက်။

သစ်ပင်ပျို့သည်
စိမ်းစိုလန်းရွှင်၊ ပွင့်ပန်းဆင်လျက်။

လုလင်ပျို့သည်
အားကိုရင်းတည်၊ ဒို့တိုင်းပြည်တွက်
တူညီလုပ်အား၊ ဆက်သထားလျက်။

မြေသားကမ္ဘာ၊ လူ့ပြည်ရွာတွင်
ညီညာစိတ်သန်၊ ကိုယ့်အားမာန်နှင့်
ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်အစွမ်းနှင့်
လန်းဆန်းစေရန်၊ အလှဖန်သည်
အမှန်သာယာ နိုင်စေဖို့။

တင်ငြိမ်းဦး





# မြည်သူ

မြေမှာပွင့်လန်း
မြေ၏ပန်းလည်း
မနမ်းလိုဘူး ဆိုလေသူ။

မိုးမှာပွင့်လန်း
မိုး၏ပန်းလည်း
မနမ်းလိုဘူး ဆိုလေသူ။

ရင်မှာပွင့်လန်း
အသဲပန်းလည်း
မနမ်းလိုဘူး ဆိုလေသူ။

ကမ္ဘာတဝှမ်း၊ ကြိုင်လှိုင်လန်းမည့်
ငြိမ်းချမ်းပန်းကို၊ သူနမ်းလို၍
စောင့်ကြိုနေခဲ့သူတကား။

မောင်မြင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com



# ဟိုဘက်ခြံက အိမ်ကလေး

ကျွန်တော့ခြံဘေး၊ မနီးဝေးတွင်
ဆေးရေးမှိန်မှိန်၊ စံရိပ်ငြိမ်ဟု
အိမ်လေးတလုံး ရှိပါသည်။

အိမ်ရှင်ယောကျ်ား၊ သားသားနားနားတည့်
ဝတ်စားဟန်သွင်၊ သူ့ကိုမြင်သော်
ချုပ်ရှင်မင်းသား ထင်လိုက်သည့်။

သို့ရာတွင်မူ
၎င်းနေသည့်အိမ်၊ စံရိပ်ငြိမ်ကား၊
နွယ်လိမ်စည်းရိုး၊ မြက်ဖုန်းဆိုးဖြင့်
အမိုးအကာ၊ မလုံပါ၍
အိမ်မှာအိမ်နှင့် မတူချေ။

မကြာမြင့်ခင်၊ ထိုအိမ်ရှင်လည်း
ထွက်ဝင်မရှိ၊ မမြင်မိတော့။

ထို့နောက်သော်ကား
တောယောကျ်ားသည်
ဆောင်ဓါးတလက်၊ စားအိုးခွက်နှင့်
အိမ်ထက်ရောက်လာပါလေ၏။





နေ့စဉ်နေ့စဉ်၊ ထိုအိမ်ရှင်လည်း
အခြင်ခေါင်ကျိုး၊ ထုပ်ပိုးထိုးနှင့်
အမိုးအကာ၊ မလုံရာကို
ဖာကာထေးကာ၊ ပြုပြင်ပါသော်
အိမ်မှာ အိမ်ကောင်း ဖြစ်လာ၏။

မကြာမြင့်ချေ၊ အိမ့်ခြံမြေဝယ်
ပဲရှေပဲပြား၊ သီးထွားထွားနှင့်
ဖားလျားစိမ်းစို၊ ငှက်ပျောညိုနှင့်
ချိုရည်ရွှမ်းရွှမ်း၊ ဗူးခရမ်းနှင့်
ရိပ်ချမ်းအေးအေး၊ ရန့်မွှေးလျက်
အသွေးတက်ကာ၊ ရွှန်းရွှန်းသာသည်
အိမ်မှာ စံရိပ်ငြိမ်ပါတည်း။

မောင်လူခင် (မန်းတက္ကသိုလ်)

# မြင်းချိတ်လက်ာ

မြေတလင်း လကျ်ာမျှော်လိုက်တော့
နေမင်းကလဲ ထွက်ကာပေါ်ပေါ်
အထက်မှာနေ့ဘ် တောင်ခပန်းမြင်ရ
စောင်ချမ်းပင် အတွင်းရိပ်
မြင်းချိတ်ယင်း နားဦးမယ်။

ရွှေးရေး



www.burmeseclassic.com

www.burmeseclassic.com



# ယခုခါ

ယခုခါတွင်၊ လုပ်ငန်းထွင်မှု
လိုအင်ဆန္ဒ၊ ပြည့်စုံကြလိမ့်
ရှေးကမြန်မာ၊ ရာဇာတို့ဘုန်း
လက်ထက်တုန်းက၊ ကျူးကားဤသို့
မြို့ရိုးညို့နှင့်၊ မြို့ကားရှန်းဝေ
တို့တတွေမှာ၊ ရေချမ်းအိုးကြီး
ရွှေထီးဝါဝါ၊ မှီပေါက်လာဟု
ခုခါဖန်မျှား၊ နှုတ်စကားဖြင့်
ကြွားချည်းနေသော်
ကြွားမော်ယင်းသာ၊ ခါးပလာနှင့်
စားစရာပင် မဲ့မည်တည်း။

ဇော်ဂျီ

# မယ်တို့တာ

မောင်ရင်ကြီးနှင့် မောင်ရင်ငယ်။
ပြည်ကြီးဝန် အားသွန်ကြိုး
ပိုးပါပေါ့ကွယ်။
အမကြီးတို့ ငွေစယယ်
ညီမငယ်တို့ ရွှေစံကား။
မယ်တို့တာ မဟာရအောင်
ကြိုးကြစို့လား။

မင်းသုဝဏ်





# အမိဗမာပြည်သို့

သောက်ရောင်ခြည် လင်းချိန်မို့
ကြက်မင်းက တွန်သံသာ။

သပြေညို ပင်ပျိုဦးမှာ
ဖူးညွန့်ဝေဖြာ။

မကြုံတောင်းပါဘူ
ဗုံမောင်းနှင့် စည်သံငြာ
ပြည်မြန်မာ တလွှား။

လွတ်ရှင်းခဲ့ပြီ
ညွတ်ကျင်း ဘာမထိတဲ့
စာမရှိ ဇာနည်မျိုးကဲ့သို့
ဗမာပြည် တာရှည်စိုးလို့ရယ်
တိုးမြင့်စေသား။

နုယဉ်



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းစွာဝတ်စားမယ်

သန့်သန့်ကလေး ဆင်သလို
လှလှကလေး နေကြမယ်။

ယဉ်ကျေးရာ ထည်အဝတ်ကိုမှ
တို့ ဝတ်စို့ကွယ်။

မိဘ မောင်ဘွားနဲ့
လူအများ ဗိုလ်ပုံလယ်
မဖွယ်ရာ မယဉ်ကျေး။

သည်အသွင် သည်ပုံပန်းကို
လမ်းဖြတ်စို့လေး။

[illegible]နှင်း[illegible]ထွန်း

# ဝန်သွားလက်ာ

တိုင်းသိတဲ့ မဟာဝန် အကျော်ပါနော်
စာချွန်တော် ထမ်းကာထွက်ပါပေါ့
နန်း ဘမရာ ကနက် သီဟာပုံကျ
ညီလာခံ အစုကွဲခိုက်မို့
ဗြဲတိုက်တော် လေသာပြတင်းက
ကေရာမင်း အတုမရှိပါတဲ့
သမုတိ အာဏာချိန်နှင့်
ယမထာကြိမ် ဝင့်။

ရွှေးရေး





# လုပ်သားအောင်သဘင်

အလုပ်ရုံ စက်ရုံများ
ထွက်ကုန်အား ပိုမိုရန်
ဇွဲလုံ့လသန်။
လုပ်သားတို့ အားမာန်
ဖြိုးလျှံဘိတကား။
လူ့အကျိုး
သယ်ပိုးကာ စေနာမွန်နဲ့
ပြည့်ဝန်ကို ဖြည့်သွန်ကြိုးလိုငယ်
တိုးမြှင့်စိတ်ထား။

လုပ်သားတို့ အောင်သဘင်။
မိုးယံကို ဒိုးသံပေါက်
ဖြိုးမောက်လို့လွှင်။
မောင်တို့လဲပါဝင်၊ ပျော်ရွှင်ကြမစဲ။
မယ်တို့လဲပါဝင်၊ ပျော်ရွှင်ကြမစဲ။
ကမ္ဘာမှာ တာဂုဏ်တင့်တယ်
ကြွားဝင့်သည့်ပွဲ။

ကြံခင်းစိုးလွင်



www.burmeseclassic.com

www.burmeseclassic.com



# ထင်းလှည်းကလေးနှင့် လူနှစ်ယောက်

တထိန်ထိန်လျှင်
နေ့ရှိန်ကဲလှောက်၊ ချစ်ချစ်တောက်၍
ကျောက်ခင်းလမ်းတာ၊ ကတ္တရာလည်း
ပမာမီးကျီး ပူလောင်ညီး။

သည့်လမ်းဆီဝယ်
ထင်းသည်ယောကျ်ား၊ လူညိုထွားနှင့်
မယားပိန်ညှက်၊ ဆင်းရဲဘက်တို့
လက်တွန်းလှည်းရှင်၊ တွန်းဆွဲငင်၍
ထင်းဟင်ရောင်းကာ၊ ဝမ်းရေးရှာသည်
ချေးဖြာစီး၍ မောပန်း၍။

ခဏကြာ၍
လမ်းတာ တဝက်၊ ခရီးထက်၌
ကုန်းတက်မြေမြင့်၊ ရင်ဆိုင်လင့်သော်
အားနှင့်တွန်းဆွဲ၊ ဤထင်းလှဲကို
အံခဲမာန်ကြိုး၊ မောင်မယ်ကြိုးလည်း
ကြိုး၍မနိုင်၊ ခြေမခိုင်ပြီ
ယိမ်းယိုင်ရွေ့ထိုး နောက်ပြန်ထိုး။





ချီပါ လာပါ၊ အိုသဟာဘို့
လမ်းမှာပန်းလျ၊ သူ့ဘဝကို
ရှင်ပျသာကြည့်၊ အားသစ်စည်အောင်
ကူညီပိုင်းစို့ တွန်းဆောင်ပို့။

မင်းယုဝေ

# ဆေးလိပ်လက်ဆောင်

(လေးဆစ်)

မဝယ်ဘူး မယ်ခူးတဲ့ ဖက်ဖို့။
မီးမကူ၊ နေပူမှာ မကင်အားသော်ကြောင့်
ထားရတယ် အိပ်ရာအောက်မှာ
မင်း သောက်ဖို့ကို။
ညှာအနွား ရွေသွားနှင့် ကိုက်လို့တို
မချိုတောင့် လိပ်ဆေး။
ပိုး မကူ
စောင်မြိုက် အသာယူလို
ဝါခြည်ဖြူ တပင်ရစ်ကာယ်နှင့်
ငယ်ချစ်မောင် ရွှေဝသွားကို
ပါးလိုက်ကဲ့လေး။

ရွှေရေး



www.burmeseclassic.com

www.burmeseclassic.com



# ငခုံးမသမိုင်း

## (ထားဝယ်တေး)

(၁)

ဝေသဝဏ္ဏာ၊ နော်န်မယ်ရ
သာစွာဘင့်တယ်၊ ကန်အလယ်
ကြီးကျယ်လှပ၊ ငခေါင်းမ
ကိုယ်ထယ်ကကီး၊ တကောန်တည်း
ခိုမှီးနေရှာရတယ်ကား။

(၂)

ရေကန်မှာမွှော့၊ တမိုင်လော့
ခရီးထော့မကွာ၊ တော်သင့်စွာ
နေရာတင့်ဆောန်း၊ တောန်မှီအောန်း

၁။ နော်န်မယ် = နာမည်
၂။ ငခေါင်းမ = ငခုံးမ
၃။ ကီး = ကြီးသည်။
၄။ တကောန်တည်း=တကောင်တည်း
၅။ မွှော့ = မြောက်အရပ်
၆။ တမိုင်လော့ = တမိုင်လောက်
၇။ ခရီးထော့ = ခရီးထောက်





ကျင့်ကောန်းရသော့၊ ဖောင်းဟော့နာမာ၊ ဂေါ်ဝိန္ဒာ
သော့ချာထင်ရှား ရှိတယ်ကား။

(၃)

ရသော့ဂေါ်ဝိ၊ နေ့တိုင်းခိ
ခါမှီဆွမ်းရပ်၊ ခံလတ်ပြီးခါ
ရေကန်သာ၊ သန့်စွာသောင်းသပ်
ကန်စပ်ကမ်းပါး၊ ဆွမ်းကိုစား
ကျန်ငြားအကွမ်း၊ ရေကန်သွမ်း
ငါးသန်းများစွာ၊ သတ္တဝါ
သော့ချာကျွေးမွေး ပြုတယ်ကား။

(၄)

ဆွမ်းကျန်စားယင်း၊ ကြောင်ယင်းအတွိ
ဣသိညစ်ကြေး၊ စားမိလွေးက၊ ငခေါင်းမ
ဂဗ္ဘသန္ဓေ၊ စွဲကပ်ပေ၊ ရော့လေခီကွ

၈။ တောန်မှီအောန်း = တောင်ကိုမှီအောင်းသည်။
၉။ ဖောင်းဟော့ = ဘုန်းရှိသည်။
၁၀။ ဂေါ်ဝိ = ဂေါ်ဝိန်
၁၁။ နေ့တိုင်းခိ = နေ့တိုင်းအချိန်
၁၂။ သောင်းသပ် = သုံးသပ်သည်။
၁၃။ အကွမ်း = အကြွင်းအကျန်
၁၄။ ရေကန်သွမ်း = ရေကန်ထဲ စွန့်သည်။
၁၅။ ကြောင်ယင်းအတွိ = ကြုံတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားလှအတွာ၊ နွှေဖြာကျားမ၊ မွီးဖွားရ
ခေါင်းမရင်ကွဲ၊ ခန္ဓာစဲ
သေပွဲဝမ်ရရှာတယ်ကား။

(၅)

သေပွဲသမ်ရ၊ ခေါင်းမ
ဖြစ်ရနတ်ဘီး၊ အပူမီး၊ သားသမီးနွှေဖြာ
ကောသုယူကျွေး၊ မွေးရစ်ပါ
ဖြစ်လာဘဇာတ်ရင်း၊ သုပိန္နန ပြန်လှန်လင်း
ဖရင်းရသော့ ဖြစ်တယ်ကား။

(၆)

ရသော့ဂေါဝိန္ဒ၊ အိမတ်ရ
ဆန်းလှတွေလာ၊ ကြောန်းအရာ
သေချာစဉ်းစား၊ မှန်အမှား

၁၆။ ရော့လေခိက္ခ = အချိန်ကျရောက်သည်။
၁၇။ အဘွာ = အမွှာ
၁၈။ နွှေဖြာ = နှစ်ဖြာ။ နှစ်ယောက်
၁၉။ မွီးဖွား = မွေးဖွားသည်။
၂၀။ သေပွဲဝမ် = သေပွဲဝင်သည်။
၂၁။ နတ်စီး = နတ်စိမ်း
၂၂။ ကောသုယူကျွေး = ကောက်ယူကျွေးသည်။
၂၃။ သုပိန္နန = အိပ်မက်နှင့်
၂၄။ အိမတ်ရ = အိပ်မက်ရသည်။





ခြားနားသိရန်၊ ဖြန်ဖြန်သူတော်၊ လိုက်ခဲ့ခေါ်
နွှေဖော်သူမြတ်၊ သွားကြလတ်
တပ်အပ်သေချာ၊ ကမ်းစပ်မှာ
မှန်စွာထန်ရှား တွိတယ်ကား။

(၇)

အုံ့ငမ်းအုံ့ငမ်း
သံတမ်းငိုကာ၊ တစာစာ
နွှေဖြာကျားမ၊ တွိကြောင်ရ
ခေါင်းမရင်ကွဲ၊ နွှေခြမ်းလွဲ
ရသော့က ဝမ်းဘန်းနဲ
ကြေကွဲစရာ ဖြစ်တယ်ကား။

(၈)

ရသော့မိဌာန်၊ အဖမှန်
ထည့်လတ်ညှိုး၊ ဖြိုးဖြိုးနို့ရယ်၊ ထွပ်ရတယ်

၂၅။ ကြောန်းအရာ = အကြောင်းအရာ
၂၆။ ဖြန်ဖြန် = မြန်မြန်
၂၇။ ထန်ရှား = အထင်အရှား
၂၈။ အုံ့ငမ်း = အုဝဲ။ ကလေးအော်သံ
၂၉။ ထည့် = နို့ရည်
၃၀။ လတ်ညှိုး = လက်ညှိုး



www.burmeseclassic.com

နွေသွယ်သားလှ၊ သော့စို့ရ
ဌာနဝိဟာ၊ သန့်ခမ်းသာ
ချိကာဆောန့်ခဲ့ ကြတယ်ကား။

(၉)

သားလှနွေဖြာ
ကြီးလာရွယ်ရော့၊ လူလားမြော့
အထော့ သာခက၊ တန့်ပြဖို့ရာ
မာတာခေါင်းမ၊ ဥတုဇ
အသမ္ဘိန္နဓာတ်ရိုက် ထားတယ်ကား။

(၁၀)

နွေဖြာသားလှ၊ နောန့်ကရှင်ဇံ
ညီမချောက၊ ရှင်ဇောနာမ်၊ မှည့်ခေါ်ဟန်

---

၃၁။ နှို့ရယ် = နှို့ရည်
၃၂။ ထွပ်ရတယ် = ထွက်ရတယ်။
၃၃။ သော့စို့ = သောက်စို့သည်။
၃၄။ သန့်ခမ်း = သင်္ခမ်း
၃၅။ ဆောန့် = ဆောင်ယူသည်။
၃၆။ ရွယ်ရော့ = အရွယ်ရောက်သည်။
၃၇။ အထော့သာခက = အထောက်သာခက





ဆွမ်းခံလောက်ကျေး၊ ရသေ့မွေး
လူသွေးစင်စစ် ဖြစ်တယ်ကား။

(၁၁)

ရှင်ဇံရွယ်ရော့၊ လူလားမြော့
သာဂရပြည့်ရှင်၊ ဘုရင်မွှော့
ဖောင်းတော့ကြညာ သမ္မန့်မန်း
ထန့်လန်း သမ္ဘာ.
ရာဇာမန်းကောန်း ဖြစ်တယ်ကား။

---

၃၈။ တန့်ပြ = တင်ပြသည်။
၃၉။ ဥတုဇအသမ္ဘိန္နဓာတ်ရိုက် = ရုပ်ပုံလုပ်သည်။
၄၀။ နောန့် = နောင်ကြီး။ မောင်ကြီး
၄၁။ လောက်ကျေး = လုပ်ကျွေးသည်။
၄၂။ ဘုရင်မွှော့ = မင်းမြောက်သည်။
၄၃။ ဖောင်းတော့ = ဖုန်းတောက်သည်။
၄၄။ ထန့်လန်း = ထင်လင်းသည်။
၄၅။ မန်းကောန်း = မင်းကောင်း

www.burmeseclassic.com



# ရွှေတော်ပြေး

ညောင်းမှုက်လေချိ၊ မြရှက်စီနှင့်
ရာသီနွေဦး၊ မင်းလွင်မြူးက
ရင့်ကျူးသံချို၊ ဥဩပျိုလည်း
မြိုင်ညိုခိုကွင်း၊ လှုရမ်းချဉ်း၍
ချောင်းအဲအန်၊ သစ်သစ်ဖန်လျက်
လည်ပြန်တနှစ်၊ အန်းမည်ခေတ်ဝယ်
မြူညစ်မတင်၊ ဘယာစင်၍
ကြည်ရှင်စေသော၊ ရည်ရှယ်ပြောသို့
ဥဩ .... ဥဩ၊ မြိုင်သံနှောလျက်
သံအောတာလွဲ၊ သံလေးတွဲနှင့်
မြူမြူတာလီ၊ သံ့သံ့သီသော်
သီဂီ့ရောင်စွေး၊ မယ်ရှင်သွေးသည်
ဆွေဝေးရပ်ခြား၊ ခရာ့ပါးမှ
မနားမဖင်၊ ပြန်ကြောင်းထင်သည်
မယ်ရှင်ဆင်သင့် ပြင်နှင့်ပြီ။

မင်းသုဝဏ်





# အောင်ပါစေ

ပန်းကံ့ကော်လည်း
မြိုင်ပေါ်မြို့တွင်း၊ တသင်းသင်းနှင့်။

ပိတောက်ပွဲလည်း
ရွှေခဲပမာ၊ တဝါဝါနှင့်။

ဥဩပျိုလည်း
တေးချိုရင့်ကြွေး၊ တအေးအေးနှင့်။

ကျွန်တို့မှာလည်း၊ အောင်ပါစေကြောင်း
ဆုမွန်တောင်းလျက်၊ ရက်ကောင်း ချိန်ခါ
မျှော်လျက်သာတည့်။

နုယဉ်

# လက်ဆောင်ပြန်

မိုးသကြန် ရေသောက်လို့
ရွှေပိတောက် တဝါဝါ
သင်းကြူနံ့ဖြာ။
ကျွန်တို့ဆီမှာ
သာပါ၍ ဗုံမောင်း။
မောင်ကြီး မာပါစေတဲ့
မလေး ချာပါစေတဲ့
အတာရေ ဖြာဝေသွန်းလို့ရယ်
ညွှန်းကြဆုကောင်း။

မင်းသုဝဏ်



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြန်လက်ဆောင်

သင်္ကြန်တော် ခါတန်ခူးမို့
တိမ်ဦးက သံဝါဝါ
မိုးဖြောက်ဖြောက်ရွာ။
ကိုယ်တို့ဆီမှာ၊ ရွာပါစေမေး။
မရွာလျှင် ရွှေလှန်ပွဲကို
နှဲလိုက်ပါလေး။

ငွေမိုးရေ ချိုချိုသောက်လို့
ပိတောက်က ပင်ပေါ်မှာ
ဝင်းထိန်လို့ဝါ။
ကိုယ်တို့ဆီမှာ၊ ဝါပါစေမေး။
မဝါလျှင် ရွှေတွေပိန်းအောင်
လိမ်းလိုက်ပါလေး။

ပိတောက်တွေ ရွှေဝါလူးတော့
ရွာဦးက ညံစာစာ
မောင်း ဗုံကသာ။
ကိုယ်တို့ဆီမှာ၊ သာပါစေမေး။
မသာလျှင် ဗုံသမားကို
အားကူပါ့လေး။





ငွေမိုးရေ ချိုချိုသောက်လို့
ပိတောက်က ရွှေမျက်နှာ
မောင်း ဗုံကသာ။
ကိုယ်တို့ဆီမှာ၊ မာပါစေမေး။
မောင်မာအောင် စေတီဦးက
မယ်မာအောင် စေတီဦးက
နှစ်ကူးချိန် တာရေသွန်း
လွှမ်းပါ့မယ်လေး။

ဇော်ဂျီ

# ကြာပွင့်ချိန်

ညကဖူးငုံ၊ ကြာပဒုံသည်
အာရုဏ်မိုးသောက် စောင့်သတည်း။

အာရုဏ်မြူး၍
လေဦးလည်းလာ၊ တိမ်ပြာလည်းကင်း
မှောင်ကြွင်းလည်းပြို၊ နှင်းလည်းစိုသော်
သံချိုရင့်ကြွေး၊ ငှက်ကလေး၏
တေးကို နာလျက်၊ အားမာန်တက်သည်
ကန်ထက်ရွှေကြာ ပွင့်သတည်း။

ဗန်းမော်ညိုရွှေ

www.burmeseclassic.com



# သင်္ကြန်ပွဲ

## (ရခိုင်တေး)

(၁)

မြွှာ့ညို့ ပေါ်စ
လပြာသိုလို့ ခေါ်ကတ်ပါရေ
လ လ လကာ ပြာသို
ပန်း ပန်း ပန်းက ခွာညို
လပြာသို အီးရေ အီးရေ
ပန်းခွာညို မွိန်းရေ မွိန်းရေ။

(၂)

ပန်းကံ့ကော်က စီလို့ဖြာရေ
ရွှေရင်ခတ်က နိန်လို့ဝါရေ
စီလို့ စီလို့ဖြာရေ
နိန်လို့နိန်လို့ဝါရေ
သင်္ကြန်ကာလဲ အခါတော်လေ
တခြိမ့်ခြိမ့်နန့် ပျော်ကတ်ပါရေ။

---

၁။ ခေါ်ကတ်ပါရေ = ခေါ်ကြပါသည်။
၂။ အီးရေ = အေးသည်။
၃။ မွိန်းရေ = မွှေးသည်။
၄။ နိန်လို့ဝါ = နီရွှဲဝါသည်။
၅။ နန့် = နှင့်





# နှစ်ဦး မင်္ဂလာ

နှစ်ဦး သစ်မြူး
ခေတ်ဦး ကောဇာ။
ဆန်းစ ချမ်းမြ
စန်းလ သော်တာ။
မြိုင်အောက် ကြိုင်လှောက်
ပိတောက်ပမာ။
ကျန်းရွှင်ကြောင်း
သွန်းလောင်း ရေသီတာ။

မင်းသုဝဏ်

# တောင်ခိုးနှင့် တိမ်

တောင်ခိုးနှင့် တိမ်
ရောယှက် လိမ်လျက်
တိမ်နှင့် တောင်ခိုး
တောင်ကို မိုးရှို
မိုးကို မမြင်
ကန်ရေပြင်တွင်
ငွေသွင် တိမ်ရိပ် ကူးသတည်း။

မင်းသုဝဏ်



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြန်အခါ အလံတိုင်ဘုရားမှာ

ဖန်ပြာခွက်ကယ်နဲ့
ကျောက်စက်ကျ သည့်ရေကို
အမောပြေ တိုက်ပါမရယ်လို့
ကြေးပာကာ ရှင်ပျော်ပျော်နဲ့
အခါတော် သင်္ကြန်တွင်း
သီချင်း သံချိုချိုနဲ့
ကိုလူပျို ဒိုးပတ်ဝိုင်းပေမို့
ရပ်တိုင်းမှာ ဆူညံညံပါ့
အလှူခံ ပျော်တဲ့ပွဲကိုလ
နွဲ့နေကျ တို့ပြေမှာ။

.... အခါက သင်္ကြန်၊ မှိုင်းယံက ဥသြ
တောရွာမှာ သူ့မလေး၊ ပျော်မျိုးစုံ တွေ့ကြပေါ့
မွှေလိုက်ကြ ရှင်ရှင်လန်း
သာဆန်းက ဒိုးပတ်၊ ဖိုးမြတ်က ပြွေတို
ဖေညိုက လင်းကွင်း၊ သာညွှင်းက သံတိုင်
ဝိုင်းတော်ကြီး မှိုင်လိုက်တာ။ ....

အလံတိုင် ဟိုဘုရားဆီသို့
အသွားမှာ ရွာစဉ်လျှောက်ကာပါ့
ဒိုးခေါက်ကာ တကြော်ကြော်နဲ့





တပျော်ပျော် နားတော် သွင်းလေတော့
ကြင်ရင်းငယ် အပျိုဖြူတို့ရဲ
အလိုသူ မျက်နှာပေးတွေက
အေးမြစန္ဒာ။

.... ဟော့ လာအော့ ရှင်မယ်မေ
ညည်းတို့မောင် လူရည်လှ၊ အကနွယ် တွေ့လှချည့်
ကြည့်စမ်းပါ့ အေရယ်
အိုအေ ထွေပါစေ သည်လိုပွဲ
ချွေးများဘဲကျကျ၊ အကတွေ လှလွန်းလို့
ကြင်မဝ ရှုမရဲ၊ ကျဲလှတဲ့နေဝါဝါ
သည်မေ့မောင် တကယ်ဟိုက်ကို
နေလိုက်၍ ကာချင်ရဲ့။ ....

နှစ်ဆန်းခါ သည်အရေးပေမို့
ချွေးလုံး အဖြာဖြာနဲ့
မောင်တို့မှာ ဖုံသံဆန်းလေတော့
မယ်တို့မှာ ခါတော်ပန်းတွေနဲ့
နီနှမ်းဆင် ပုဝါခြုံ၍
ကညာဂုဏ် ကြည်လို့ဝင်းကြပေါ့
မှိုင်တွင်းက ပုရစ်ဖြာ
သစ်ပါပေါ့မြသွေး။

.... နေခြည်က မှေးမှေး၊ စေတီက သေးသေး
ရေမွှေးနှင့် ရေသပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာတစု သည့်တစု၊ ရေလုလို့သယ်ကြ
အလယ်က ဘုရား
စကားက တဖောင်ဖောင်၊ မောင်တို့က ရေတွေသွန်း၊
စေတီငယ် မွန်းရချည့်
လွမ်းစရာ့ သည်နေရာ၊ မယ်တို့လဲ လာကြ၍
ပိတောက်ဝါ ရင်ခတ်ပန်းတွေနဲ့
ကြည်သိုခန်း ဖွင့်ကြပေါ့။ ....

အခွင့်ငယ်သာ
ပျော်ချင့်ပျော်စရာပါ့
တော်မဟာ သင်္ကြန်ခေတ်ပေမို့
ရွှေမေတ္တာ တူနှစ်ကိုယ်တို့
သူလိုရာ ငဲ့ကာစောင်းကာနဲ့
ဆုတောင်းကာ  ရှယ်ရည်စောင်ကြပေါ့
ဘယ်ပြည်တောင် သည်လိုထူးနိုင်ပါ့
ရှယ်ညီနှောင် စေတီဦးမှာ
ဖူးကြတယ်လေး။

ဇော်ဂျီ





# မြတ်ရေစင်

မုတ်သုန်ကို ကင်းသောက်လို့
ပိတောက်မှာ သနွှဝင်
ချမ်းမြတ် ရေစင်။
မုတ်သုန်ကဆင် ပြည်ခွင်နှံ့ကြွေး။
ပိတောက်ကရှင် ပြည်ခွင်နှံ့မွှေး။
မြတ်ရေစင် တပေါက်သွန်းလျှင်
ကျွန်းခွင်လုံး အေး။

မင်းသုဝဏ်

# လက်ဆောင်ကောင်း

ဖေဖေ့ရဲ့လက်ဆောင်
နေရောင်နှင့်ဖွေး။
ငှက်ကြီးတောင် ကျောက်စိခေး
အင်အားကွဲလေး။

မေမေ့ရဲ့ လက်ဆောင်
လရောင်နှင့်အေး။
ပွင့်ကြွားဘွယ် ပေယ်ကုံး
နှလုံးကွဲလေး။

တင်မိုး



www.burmeseclassic.com

www.burmeseclassic.com



# လောကအလှ

စောင်းသမားသည်
လက်ဖျားတို့ထိ၊ စောင်းသံညို့၍
သုတိအသံ သာစေသည်။

စာသမားသည်
သိကြားခဲ့ရ၊ သူ့ဘဝကို
ရသစာပေ ဖွားစေသည်။

လက်သမားသည်
ဆောက်ပြားဆောက်ခုံး၊ ဖွဖွသုံးကာ
ရုပ်လုံးလှလှ ထုလေသည်။

ဪ-လူသားများသည်
အားမာန်ကိုယ်စီ၊ ဉာဏ်ကိုယ်စီဖြင့်
ကိုယ်စီကိုယ်ငှ၊ ဤလောကအား
အလှဆင်ကြပေတကား။

ဇင်မင်း





# စွမ်းကြသူများ

ငှက်ကလေးငယ်ငယ် အားမကြွယ်လဲ။
သူ့ရိပ်မြုံ စံဘင်လောက်ကို
ဆောက်တတ်သည်ဘဲ။

ပင့်ကူကလေးငယ်ငယ် အားမကြွယ်လဲ။
သူ့စံအိမ် ကြိုးလိမ်ယှက်ကို
ရက်တတ်သည်ဘဲ။

ခြကလေးငယ်ငယ် အားမကြွယ်လဲ။
ခိုလှုံရာသူ့တောင်ပို့ကို
ဖို့တတ်သည်ဘဲ။

မောင်မြင့်မှန်

www.burmeseclassic.com

www.burmeseclassic.com



# ခြေရာ

နွေပြေးသောခါ
နွေခြေရာကား
မြေအက်ကြားတည့်။

မိုးပြေးသောခါ
မိုးခြေရာကား
ရေကွက်များတည့်။

ဆောင်းပြေးသောခါ
ဆောင်းခြေရာကား
နှင်းကြွင်းများတည့်။

စိတ်ပြေးသောခါ
စိတ်ခြေရာမှု
ကဗျာများတို့ ဖြစ်သတည်း။

မောင်စွမ်းရည်



# နိမိတ်

လှိုင်းအောင်သံများ
ကြိုတင်ကြားသော်
ဒီများလာကြောင်း သိနှင့်၏။

မိုးချုန်းသံများ
ကြိုတင်ကြားသော်
မိုးများလာကြောင်း သိနှင့်၏။

ဥဩသံများ
ကြိုတင်ကြားသော်
နွေဖွားလာကြောင်း သိနှင့်၏။

ဪ ရင်ခုန်သံများ
ကြိုတင်ကြားပြီ
ကြောင်းလျှားဘယ်သို့ ထူးပါလိမ့်။

မောင်စွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com



# စာနာသူ

သားလေးရေ အင်္ကျီချွတ်လို့
လျှော်ဖွပ်ပါ့ စမ်းရေမှာ
ကမ်းလုံ့ကြည်သာ။
မေးမှာတာ၊ ပြောလှာတဲ့စကား။
သားရွှေစင် ဇွတ်အတင်း
ငြင်းမိလျက်သား။

သားအင်္ကျီ ပန်းချီဆေး
ငှက်ငယ်လေး ညိုတိုတို
တေးသီလို့ဆို။
သူတာကိုယ်၊ ရေစိုလိမ့်လေလား။
ရေစိုယင် ဆေးရောင်စွန်းလို့
မွန်းနစ်မှာလား။

ကြည်အောင်



# မိုးဆွေငှက်

မြည်နိုင်စွလေ၊ ငှက်မိုးဆွေ
မိုးဆွေငှက်ငယ်၊ မိုးပြန့်ကျယ်တွင်
အရှယ်အဟန့်၊ လက်မခန့်လည်း
အံ့သြဘွယ်သာ၊ သတ္တဝါတို့
ဖြစ်ရာဘဝ၊ အားမာန်ပြသို့
နှုတ်ကတွတ်တွတ်၊ ဖတ်ရွတ်ညိုးညံ့
သူ့အားမာန်သည်
မိုးယံခွဲမည် ထင်မိ၏။

မနားမရပ်၊ လှုပ်ခတ်တောင်ပံ
သည်အားမာန်လည်း
မိုးယံ ဖောက်မည်ထင်မိ၏။

ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com



# လှေယာ်

တောင်လေလာ ရေကျတော့
လှိုင်းကြက်ဖ ခြေမပါ
ခေါင်းဖြူနဲ့သာ။
ခုပ်လှိုင်ယော်လာ၊ ဘယ်ညာနှံဖွေး။
ရေလယ်မှာ လှေယာ်လူးတယ်
ရှူးရချည့်လေး။

လတာပြင် သောင်ထိုးတော့
တပေါင်ကျိုး ခြေတံရှည်
ပျိုင်းဝေသာလီ။
ဘုတ်မက အီး၊ ဒီရေကျ တေး။
ရေလယ်မှာ လှေယာ်မျောတယ်
မောရချည့်လေး။

ရေစုန်မှာ အဆာင်သင့်လို့
ဗေဒါပွင့် ပြည်တော်ပြန်
ခွန်းဆက်ကြဟန်။
ရေစီးက သန်၊ ဆန်နိုင်ဘို့အရေး။
လှေယာ်ငယ် ရေလယ်လမ်းမှာ
နွမ်းရချည့်လေး။





ရေဆိုင်မှာ တင့်မရှိနဲ့
ဝဲကတော့ ချာချာလယ်
မူးတတ်ပါတယ်။
လှေတက်ကာငယ်၊ သယ်နိုင်ဘို့အရေး။
ရေပြင်မှာ လှေရှင်ကြိုးလိုက်ပါ
မိုးချုပ်မယ်လေး။

ဇော်ဂျီ

# အညာလှေ

အမေလေး လူကြုံကြည့်
ထည့်လိုက်မလားကွဲ့ သားမောင်ကို။
ပိန်းကောယောင် တုံးစပ်တွင်း
ဆင်းခဲ့လို့ဆို။
ပွဲချောင်မှာ ရှုပ်စုံများရယ်နဲ့
လုပ်ထားတဲ့ လှေလေောင်းကို
မောင်းအိုနဲ့ ဗုံတောင်ကြီး။
ခါတလေ
အညာလှေ အောက်စုန်ဆင်း
မင်း ဝင်လို့တီး။

ရွှေဓရး



www.burmeseclassic.com

www.burmeseclassic.com



# အမေရယ် အပါပျင်းလှချည့်

အမေရယ် အပါပျင်းလှချည့်
စိတ်တွင်း ရှင်မကြည့်ခဲ့
သည်ကိုယ်ကို ဝတ်ဖြူပတ်ကာပ
ဆတ္တာသည် ဆံပင်ညှပ်ပုံက
တချပ်ချပ် ညံစာစာ။
ယားကျိကျိ
ကလိ အခါခါပေါ့
ဆံကေသာ တိုတွာစရယ်က
ထိုးဆွကာ အထွေထွေကြောင့်
အပါလေ အနေခက်ပါဘိ
စိတ်စက် မသာ။
သည်အမူ သည်အပြုတွေက
အမူ တပွေပွေဘဲ
ဆံပင်ရှေ တခါဟောင်းယင်လ
ပြန်လောင်းကာ တခါညှပ်ရပေါ့
အထပ်ထပ် ဘာဘာညာ
ရှုပ်ကာဘဲ မဆုံး။
ပူစီတွေး
ကြောင်လေး ရှေ့ဝါစင်ဖြင့်
ဘယ်ခါလျှင် ဆံပင်ညှပ်ရတုံ့
လွတ်လပ်စွာ ပျော်ခုန်ပေါက်ပါလို့





ဝမ်းမြောက်ကာ တရှင်ရှင်နဲ့
သူမိခင် ရင်ခွင်လူးကာပ
တွတ်တီးတာ တေးသံ ကျူးတော့တယ်
မြူးပေါ့ ချိန်လုံး။

မင်းယုဝေ

# ထာဝရအလှ

မေမေ့မေတ္တာ၊ နှိုင်းဆိုရာသည်
ညဥ့်ခါငွေလ ရောင်ခြည်တည်း။

ဖေဖေ့မေတ္တာ၊ ဥပမာသည်
နေ့ခါနေမင်း ရောင်ခြည်တည်း။

ညဥ့်တွင် စန္ဒာ၊ နေ့မှာ နေမင်း
ပဝင်းသမျှ၊ ဤဘဝဝယ်
လောကလက်ဆောင်၊ ကြယ်စိန်ကြောင်နှင့်
ငွေရောင်တိမ်လွှာ၊ စမ်းလက်ာနှင့်
နီပြာသန်းပွင့်၊ ပျက်ကြွေလွင့်၍
တောနှင့်တောင်စွယ်၊ ဥသြငယ်တို့
ပျောက်ကွယ်လိုက ကွယ်ပါစေ။

မင်းကြွယ်



www.burmeseclassic.com

www.burmeseclassic.com



# တောက အလှ။

တံခွန်တိုင် ကုလားနှင့်
ရှာထိပ်နား မကျော်မှာ။
ပြောဆရာ ကိုမောင်ကြီး
တီးလို့သာယာ။
ကာလသား ညီစာစာ
ဟန်ပါပါ ဆိုလိုက်တေး။
ကိုရင်ညို မောင်သာဆန်းမှာ
နန်းကန့်ငှက်ကျေး။


အမှုပို ယဉ်မဆုံးတဲ့
မျက်နှာဖုံး ရှာသူပျို။
ကွမ်းတော်ကိုင် ဘိုကရိုးမှာ
ချေးစိုလိုစို။
အသားကညို
ချိုသာတဲ့ မျက်နှာထား။
ရှာစဉ်မှာ ပျိုယဉ်နွဲ့ရယ်
လှမ်းတဲ့လို့သွား။

မြင်းနီပေါ် မောင်ရင်နွဲ့
ပွဲစနဲ့ အသာထိုင်။
ပါးကွက်ဝါ သနပ်ခါး





ပါး၍ထုံကြိုင်။
ရွှေထီးကိုကိုင်
ယှဉ်ပြိုင်လို့ နောက်ကမိုး။
ကိုရင်မှောင် အနေခက်တယ်
ရှာကာတွေ့ဟန်မျိုး။



ဆံခွေချုပ်ဆေးဝေ ရှုပ်ပြီမို့
အခန်းခြေ မိုးတာဝေ။
အစာမှာ ဆိပ်တင်ထမ်းတယ်
လေမင်းရှုံ့ချိုင်နေ။
ဝါသက်တိုင်းရှည်မျှော်သလေ
အမေကာ ရှင်လှန်း။
သိသိရှ လွမ်းဆွေမြှော်ကာရေးကို
တွေးလို့ စိတ်မှန်း။

ထိလာစစ်သူ



www.burmeseclassic.com

www.burmeseclassic.com



# သင်သေသွားသော်

ဩော် .... လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ နာရ၊ သေရဦးမည်
မှန်ပေသည်တည့်။

သို့ဘိပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

သင် ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဥာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

ဇော်ဂျီ



## ကဗျာမည် အညွန်း


၁ ကောက်စိုက်ချိန်၊ ၅
၂ ကောင်းစွာဝတ်စားမယ်၊ ၆၆
၃ ကန်ပေါင်၊ ၁၀
၄ ကျေးလက်ပြည်သူ၊ ၃၆
၅ ကျူပင်၊ ၂၄
၆ ကြာပွင့်ချိန်၊ ၇၉
၇ ကျွဲကျောင်းသံ၊ ၁၈
၈ ခြေရာ၊ ၈၈
၉ ခြင်းပွဲ၊ ၄၄
၁၀ ငနုံးမသမိုင်း၊ ၇၀
၁၁ စာခြောက်ရုပ်၊ ၂၀
၁၂ စာနာသူ၊ ၉၀
၁၃ စွမ်းကြသူများ၊ ၈၇
၁၄ ဈေးလိပ်လက်ဆောင်၊ ၆၉
၁၅ ညီညာဖျဖျ
လှော်ခတ်ကြလော့၊ ၅၇
၁၆ တာဝန်၊ ၅၁
၁၇ တောကအလှူ၊ ၉၆
၁၈ တို့ညီနောင်၊ ၃၀
၁၉ တို့တောရွာ၊ ၄
၂၀ တို့တိုင်းပြည်၊ ၅၀
၂၁ တို့လယ်သမား
ဗုံထောက်သံ၊ ၆
၂၂ တိုအင်းလေးလှေသဘင်၊ ၄၆
၂၃ တက်လူတေးသံ၊ ၁
၂၄ တောင်ခိုး နှင့် တိမ်၊ ၈၁
၂၅ ထာဝရအလှ၊ ၉၅
၂၆ ထားဝယ်ဒိန်းသံအချို၊ ၄
၂၇ ထင်းလှည်းကလေးနှင့်
လူနှစ်ယောက်၊ ၆
၂၈ ဒီကျချိန်၊ ၂၇
၂၉ ဒီတက်ချိန်၊ ၂၆
၃၀ နိမိတ်၊ ၈၉
၃၁ နွားညီနောင်၊ ၁၇
၃၂ နှစ်ဦး မင်္ဂလာ၊ ၈၁
၃၃ ပညာကြိုးစားမယ်၊ ၅၉
၃၄ ပုခက်လွှဲချင်း၊ ၄၉
၃၅ ပုရွက်လမ်းကြောင်းလေး၊
၃၆ ပန်းနှင့်လှေငယ်၊ ၁၄
၃၇ ပန်းပန်လျှက်ပါ၊ ၂၈
၃၈ ပိန်းကောဖ၊ ၂၇
၃၉ ပျူပျူငှာငှာ တို့မူရာ၊ ၄
၄၀ ပျိုလေး၊ ၁၂
၄၁ ပြည့်သက်သခင်၊ ၁၆
၄၂ ပြည်သူ၊ ၆၁
၄၃ ပွဲခင်းသာ၊ ၁၂
၄၄ ဖေဒါပန်း၊ ၂၅
၄၅ ဘုန်းကြီးပျံ၊ ၄၅
၄၆ မတူသူနှစ်ဦး၊ ၅၆

www.burmeseclassic.com

၄၇ မခင် နှင့် ရင်သွေး၊ ၄၈
၄၈ မယ်တို့တာ၊ ၆၄
၄၉ မိုးဆွေငှက်၊ ၉၁
၅၀ မြင်းချိတ်လင်္ကာ၊ ၆၃
၅၁ မြိုင်ထ၊ ၃၅
၅၂ မြတ်ရေစင်၊ ၈၅
၅၃ မှာစကား၊ ၃၇
၅၄ ယခုခါ၊ ၆၄
၅၅ ရှုပ်စုံပွဲ၊ ၃၄
၅၆ ရွှေဆက်ရှုသာ၊ ၄၇
၅၇ ရွှေတော်ပြေး၊ ၇၆
၅၈ ရွှေကာတွတ်၊ ၃
၅၉ လယ်ဆင်းချိန်၊ ၂၉
၆၀ လယ်နားချိန်၊ ၂၂
၆၁ လောကအလှ၊ ၈၆
၆၂ လက်ဆောင်ကောင်း၊ ၈၅
၆၃ လက်ဆောင်ပြန်၊ ၇၇
၆၄ လက်နက်၊ ၅၂
၆၅ လောင်းညိုကလူး၊ ၂၉
၆၆ လုပ်သားအောင်သဘင်၊ ၆၇
၆၇ လုပ်အားတန်ဖိုး
ချစ်မြတ်နိုး၊ ၃၈
၆၈ လှေငယ်၊ ၉၂
၆၉ ဝန်သွားလင်္ကာ၊ ၆၆
၇၀ သားချော့သံ၊ ၂၃
၇၁ သချိန်းစာ၊ ၃၁
၇၂ သင်နှင့်တန်ဖိုး၊ ၅၅
၇၃ သင်သေသွားသော်၊ ၉၈
၇၄ သကြန်မွဲ၊ ၈၀
၇၅ သကြန်လက်ဆောင်၊ ၇၈
၇၆ သကြန်အခါ
အလံတိုင်ဘုရားမှာ၊ ၈၂
၇၇ သုံးသီးစားနှင့်
စည်ပြောသံ၊ ၈
၇၈ ဟိုဘက်ခြံက
အိမ်ကလေး၊ ၆၂
၇၉ အညာလှ၊ ၉၃
၈၀ အမိဗမာပြည်သို့၊ ၆၅
၈၁ အမေရယ်
အပါပျင်းလှချည့်၊ ၉၄
၈၂ အရိုးတို့တဲ၊ ၁၁
၈၃ အလှဆင်သူ၊ ၆၀
၈၄ ဤနေရာ၊ ၂
၈၅ အောင်ပါစေ၊ ၇၇

BURMESE CLASSIC .com

## စာဆိုမည် အညွှန်း

၁ ကိုခလေး၊ ၄၄
၂ ကောက်လှိုင်း၊ ၁၆
၃ ကြည်အောင်၊ ၉၀
၄ ကြံခင်း စိုးလွင်၊ ၆၇
၅ ငွေတာရီ၊ ၅၂
၆ ဇော်ဂျီ၊ ၁၊ ၂၆၊ ၂၃၊ ၂၄၊
၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀၊ ၅၀၊
၆၄၊ ၇၈၊ ၈၂၊ ၉၁၊ ၉၂၊ ၉၈
၇ ဇင်မင်း၊ ၈၆
၈ တင်ငြိမ်းဦး၊ ၆၀
၉ တင်မိုး၊ ၁၁၊ ၃၂၊ ၄၀၊ ၅၅၊ ၈၅
၁၀ ထားဝယ်တေး၊ ၄၂၊ ၄၅၊ ၇၀
၁၁ ထီလာစစ်သူ၊ ၂၉၊ ၉၆
၁၂ နုယဉ်၊ ၄၊ ၅၊ ၁၀၊ ၁၂၊ ၁၄၊
၆၅၊ ၇၇
၁၃ ဗန်းမော်ညိုနွဲ့၊ ၇၉
၁၄ မာလာအေး၊ ၃၈
၁၅ မင်းယုဝေ၊ ၂၂၊ ၆၈၊ ၉၄
၁၆ မင်းသုဝဏ်၊ ၈၊ ၄၈၊ ၄၉၊
၆၄၊ ၇၆၊ ၇၇၊ ၈၁၊ ၈၅
၁၇ မောင်ငြိမ်းသူ၊ ၃၆
၁၈ မောင်စွမ်းရည်၊ ၈၈၊ ၈၉
၁၉ မောင်မြင့်မြတ်၊ ၆၁
၂၀ မောင်မြင့်မွန်၊ ၈၇
၂၁ မောင်လူခဲ၊ ၄၆
၂၂ မောင်လူခင်၊ ၆၂
၂၃ မောင်သူဇင်၊ ၅၇
၂၄ မြင့်မျိုးမြတ်၊ ၅၆
၂၅ ရခိုင်တေး၊ ၁၈၊ ၈၀
၂၆ ရှေးရေး၊ ၁၇၊ ၂၇၊ ၂၉၊ ၃၅၊
၆၃၊ ၆၆၊ ၆၉၊ ၉၃
၂၇ ရွှင်ငြိမ်းမယ်၊ ၃၇
၂၈ လယ်ဝန်မင်း ဦးစိ၊ ၃
၂၉ လှဝင်းညို၊ ၄၇
၃၀ ဝင်းကြွယ်၊ ၃၁၊ ၉၅
၃၁ ဝင်းနွေ၊ ၅၈
၃၂ သင်းအောင်၊ ၂၀
၃၃ သိန်းသန်းထွန်း၊ ၅၉၊ ၆၆
၃၄ ဥသျှောင်၊ ၅၁
၃၅ ဦးပုည၊ ၃၄

အလုပ်အမှတ် ၄၆၃၅

www.burmeseclassic.com